**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

**(၂၆) ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်**

**(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၆.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၆-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၆၉ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၅၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၅၇ ဦး အနက် ၁၈ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၃၉ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၂) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၃ ရက်၊

(၄) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၃ ရက်၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၆) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၁ ရက်၊

(၇) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၈) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၉) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၀) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နိုင် ခွင့် ၁ ရက်၊

(၁၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၁၂) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၁၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၄ ရက်၊

(၁၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၁၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၆) ပင်းတယမဲဆန္ဒနယ် ဦးဝင်းကြည် ခွင့် ၂ ရက်၊

(၁၇) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၈) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၁၉) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၂၀) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၂၁) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်၊

(၂၂) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂၃) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်ဝမ်း ခွင့် ၁ ရက်၊

(၂၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၄ ရက်၊

(၂၅) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၄ ရက်၊

(၂၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၂၇) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၄ ရက်၊

(၂၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသိန်းထွဋ် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းဇော်ဦး ခွင့် ၃ ရက်၊

(၃၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၃၄) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၂ ရက်၊

(၃၅) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၆) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၇) ဥတ္တရသီရိမဲဆန္ဒနယ် ဦးမင်းသူ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၈) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်နှင့်

(၃၉) မဟာအောင်မြေမဲဆန္ဒနယ် ဦးအုန်းကြိုင် အစည်းအဝေးပြီးဆုံးသည်အထိတို့ ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

## နိုင်ငံတကာရှိ မြန်မာသံရုံးများမှ VISA ထုတ်ပေးရာတွင် ကောက်ခံရရှိငွေများနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအား လေးစားစွာဂါရဝပြု နှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းချင်တဲ့မေးခွန်းများကိုမေးမြန်းပါမယ်ခင်ဗျား။ ပထမမေးခွန်းကတော့ နိုင်ငံတကာမှာရှိနေတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံသံရုံးများကနေ VISA ထုတ်ပေးတဲ့အပေါ်မှာရရှိတဲ့ အခွန်ငွေအပေါ် ဘယ်လိုစစ်သုံးစွဲသလဲဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ယနေ့ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံခြားသားတွေလာရောက်လည်ပတ်တာပိုမိုများလာပါတယ်။ Diplomat တွေရော၊ လုပ်ငန်းနဲ့ ပတ်သက်တဲ့သူတွေရော၊ Tourist တွေရော၊ Diplomat တွေကတော့ VISA ကင်းလွတ်ခွင့်ရထားတဲ့အတွက်ကိစ္စမရှိပါဘူး။ နိုင်ငံခြားသား၊ အလုပ်နဲ့ပတ်သက်တဲ့လူတွေ၊ Tourist တွေက များသထက်များလာပါတယ်။ ဆိုတော့ သူတို့ VISA တွေယူတဲ့အခါမှာ VISA Fees တွေပေးရပါတယ်။ နိုင်ငံတကာကနေပြီးတော့ လာကြတဲ့နိုင်ငံခြားသားတွေနှင့် ဝင်တဲ့Tourist တွေရဲ့အပေါ်မှာ ခန့်မှန်းပြီးတော့ တစ်နှစ်ကိုနိုင်ငံခြားဝင်ငွေဘယ်လောက်ရနိုင်လဲဆိုတာလေး ခန့်မှန်းကြည့်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ရသုံးဘတ်ဂျက်မှာကြည့်တဲ့အခါကျတော့ အဲ့ဒီ ဝင်ငွေတွေဖော်ပြထားတာမတွေ့ရပါဘူး။ အဲ့ဒါနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကို စုံစမ်းကြည့်တဲ့အခါမှာတော့ သက်ဆိုင်ရာဝန်ကြီးဌာနကို

လွှဲပေးလိုက်တယ်လို့ပြောပါတယ်။ အဲ့ဒါနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ရသုံးဘတ်ဂျက်တွေကြည့်တဲ့အခါမှာ အဲ့ဒီဟာတွေကိုတော့သီးခြားဖော်ပြထားတာမတွေ့ရပါဘူး။ အဲ့တော့ မတွေ့ရတဲ့အတွက်ကျွန်တော်တို့ကမေးကြည့်တာပါခင်ဗျား။ နိုင်ငံတော်ဘတ်ဂျက်ထဲကိုပဲ အားလုံးတန်းသွင်းလိုက်သလား။ သို့မဟုတ်လည်း ကျွန်တော်တို့နိုင်ငံရဲ့ Foreign Exchange Result ထဲကိုပဲ သွင်းသလားစသည်ဖြင့် သိချင်လို့မေးတာဖြစ်ပါတယ်ခင်ဗျား။ ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့နိုင်ငံဟာ ASEAN Member မဖြစ်ခင်ကာလမှာတုန်းက မြန်မာနိုင်ငံသားများသည် အိမ်နီးနားချင်းနိုင်ငံတွေ ဥပမာ - ထိုင်းတို့၊ မလေးရှားတို့၊ စင်္ကာပူတို့သွားတဲ့အခါမှာ VISA မလိုဘဲနဲ့ ၂ ပတ်ဝင်လို့ရပါတယ်။ ဆေးကုသဖို့ဆိုလို့ရှိရင် သူတို့အချိန် ၁ လအထိတိုးပေးတာတွေတွေ့ခဲ့ရပါတယ်။ သို့သော်လည်း ASEAN Member ဖြစ်လာပြီးတဲ့နောက်ပိုင်းမှာတော့ VISA ယူပြီးမှသွားလို့ရပါတယ်။ VISA ဖိုး ပေးရတဲ့ဟာကကိစ္စမရှိပေမယ့် တစ်ခါတလေအရေးပေါ်ဖြစ်လာတဲ့အခါမျိုးမှာ VISA လျှောက်ရတာ၊ Processing လုပ်ရတာ၊ ပြန်ရအောင်စောင့်ရတဲ့ရက်လေးတွေ ကြန့်ကြာသွားတာတွေတွေ့ရပါတယ်။ ပြီးခဲ့တဲ့ World Economic Forum မှာတုန်းကတော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကနေပြီးတော့ ဝန်ကြီးကပြောသွားတာ ကျွန်တော်တို့ကြားလိုက်ပါတယ်။ ဒီ ၂၀၁၄-၂၀၁၅ မှာတော့ အာဆီယံနိုင်ငံတချို့နဲ့ VISA မလိုဘဲနဲ့ အပြန်အလှန်သွားလာနိုင်ဖို့ အစီအစဉ်တွေရှိတယ်ဆိုတာသိရတဲ့အတွက် အဲ့ဒီအစီအစဉ်နှင့်ပတ်သက်လို့ ဘယ်လိုများစီစဉ်ထားပါလဲ။ ဘယ်တော့များလုပ်နိုင်ပါမလဲဆိုတာကို မေးမြန်းတာဖြစ်ပါတယ်။ နောက်ဆုံးမေးခွန်းကတော့ နိုင်ငံတကာမှာရှိတဲ့သံရုံးတွေမှာ မြန်မာနိုင်ငံသားတွေသွားရောက်အလုပ်လုပ်ကိုင်နေတဲ့နိုင်ငံတွေမှာ အရင်တုန်းကဆိုလို့ရှိရင် ၁၀ ရာခိုင်နှုန်းအခွန်ဆောင်ရပါတယ်။ နိုင်ငံသားတွေက အခွန်ဆောင်ရပါတယ်။ ၂၀၁၁ နောက်ပိုင်းမှာတော့ အမိန့်ကြော်ငြာစာထုတ်ပြီးတော့ ဆောင်စရာမလိုတော့ဘူးလို့ထုတ်ပါတယ်ခင်ဗျား။ သို့သော် ပတ်စ်ပို့တွေသက်တမ်းတိုးတဲ့အခါမှာတို့၊ ပတ်စ်ပို့အသစ်လဲတဲ့အခါမှာတို့ အခြားထောက်ခံချက်တွေလိုအပ်လို့သံရုံးတွေမှာသွားတောင်းတဲ့ အခါတို့မှာ Fees တွေပေးရပါတယ်။ အဲ့တော့ အဲ့ဒီကရခဲ့တဲ့ Fees တွေရော ဘယ်လိုများစိစစ်သုံးစွဲပါသလဲ။ နောက်တစ်ခါ ကျွန်တော်တို့တွေ့ခဲ့တဲ့ နိုင်ငံခြားသံရုံးတွေမှာဆိုလို့ရှိရင် ဝန်ကြီးဌာနကနေပေးတဲ့ ဘတ်ဂျက်အပေါ်ကနေသုံးစွဲနေရပါတယ်။ တစ်ခါတလေမှာအရေးပေါ်လိုအပ်တာတွေတွေ့ရပါတယ်။ ဥပမာအားဖြင့် VISA ထုတ်တဲ့ Printer ဟာဆိုလို့ရှိရင်အခုဆိုရင် တော်တော်လေးဈေးကြီးပါတယ်။ အဲ့ဒီ Printer ကလည်းအပိုမရှိတဲ့အတွက်ကြောင့် ဒီ Printer တစ်ခုပျက်တယ် သို့မဟုတ် တစ်ခုခုဖြစ်တယ်ဆိုလို့ရှိရင် ဝန်ထမ်းကလည်းနည်းပါးတဲ့အတွက်ကြောင့် VISA လျှောက်တဲ့လူတွေလည်းများတော့ ညလုံးပေါက်ကိုလက်ရေးနဲ့ရေးရတာတွေလည်း

တွေ့ရပါတယ်။ အဲ့တော့ ဒီလိုဝင်ငွေတွေထဲကများ သက်ဆိုင်ရာသံရုံးတွေမှာ အရေးပေါ်သုံးစွဲခွင့်တွေ ပေးထားပါသလား။ မပေးထားသေးရင်လည်း ပေးသင့်ပါတယ်ဆိုတာလေး တင်ပြတာဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ဦးလွင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း မင်္ဂလာပါဟု ရိုသေစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်ဖြစ်ပါတယ်ခင်ဗျား။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တနင်္သာရီ တိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး၏မေးမြန်းချက်နှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများမှကောက်ခံရရှိသော VISA ထုတ်ပေးခြင်းမှရရှိ သည့် နိုင်ငံခြားငွေမျိုးစုံအား သက်ဆိုင်ရာရုံးများမှ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) သို့ ၃ လ ၁ ကြိမ် ယူရိုငွေကြေးဖြင့် လွှဲပြောင်းပေးပို့ရပါတယ်ခင်ဗျား။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ရောက်ရှိလာသည့် ယူရိုငွေကြေးပမာဏနဲ့ညီမျှသည့်ကျပ်ငွေအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနငွေစာရင်းသို့ ဆက်လက်လွှဲပြောင်းပေးသွားပါတယ်ခင်ဗျား။ မြန်မာသံရုံး၊ မြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအားလုံး၏ VISA ထုတ်ပေးခြင်းမှ ကောက်ခံရရှိငွေအနေဖြင့် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် မတ်လအထိ VISA ခ ယူရိုငွေ ၈၅၂၅၄၂၅ (အမေရိကန်ဒေါ်လာအားဖြင့် ၁၁၇၀၀၀၅၇ ဒေါ်လာ)၊ ၂၀၁၂ ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ် မတ်လအထိ VISA ခ ယူရိုငွေ ၁၃၄၀၅၅၂၁ (အမေရိကန်ဒေါ်လာအားဖြင့် ၁၄၅၀၄၀၇၀)၊ ၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ်မေလအထိ VISA ခ ယူရိုငွေ ၂၂၉၂၅၄၈ (အမေရိကန်ဒေါ်လာအားဖြင့် ၃၀၁၇၆၇၇)ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ်မေလအထိ VISA ထုတ်ပေး ခြင်းမှကောက်ခံရရှိငွေမှာ ယူရိုငွေ ၂၄၂၂၃၄၉၄ (အမေရိကန်ဒေါ်လာအားဖြင့် ၂၉၂၂၁၈၀၄) ဖြစ်၍ တစ်နှစ်လျှင် ပျှမ်းမျှယူရိုငွေ ၁၁၁၇၉၉၀၂ (အမေရိကန်ဒေါ်လာအားဖြင့် ၁၃၄၈၆၇၇၉) ခန့်ဖြစ်ပါ တယ်။ လာမည့်ဘဏ္ဍာနှစ်များတွင် အာဆီယံနိုင်ငံများနဲ့ ကူးသန်းသွားလာရာတွင် အာဆီယံနိုင်ငံ

အချင်းချင်း နိုင်ငံသားများအား VISA ကင်းလွတ်ခွင့်အပြန်အလှန် Reciprocal ပေးအပ်ရန် အစီအစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည်အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဒေသတွင်း နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှုကိုတိုးမြှင့်စေရန်ရည်ရွယ်၍ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူး နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် အပြန်အလှန် VISA ကင်းလွတ်ခွင့်သဘော တူညီချက်ကို အာဆီယံနိုင်ငံများအားလုံးနဲ့ သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံအကြားတွင် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ၁၄ ရက်အပြန်အလှန် VISA ကင်းလွတ်ခွင့်သဘောတူညီချက်ကို ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါ တယ်ခင်ဗျား။ မကြာမီကာလတွင် ဗီယက်နမ်နိုင်ငံနဲ့ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ အတွက် အပြန်အလှန် VISA ကင်းလွတ်ခွင့်သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ကျန် အာဆီယံနိုင်ငံများနဲ့လည်း သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် အပြန်အလှန် VISA ကင်းလွတ်ခွင့်သဘောတူညီချက်ကို လာမည့် ဘဏ္ဍာရေးနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ နိုင်ငံတကာရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် နိုင်ငံတကာ၌အလုပ်လုပ်နေရသော မြန်မာလူမျိုးများမှ ယခင်ကာလကပေးသွင်းရသော ၁၀ ရာခိုင်နှုန်းဝင်ငွေခွန်များ၊ ထောက်ခံစာထုတ်ပေးခြင်းမှ ကောက်ခံရရှိသောဝင်ငွေများ၊ နိုင်ငံကူး လက်မှတ်သက်တမ်းတိုးပေးခြင်းနှင့် နိုင်ငံကူးလက်မှတ်အသစ်များထုတ်ပေးရာတွင်ကောက်ခံရရှိသော ဝင်ငွေများအား သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးများ၏လိုအပ်ချက်များတွင် သုံးစွဲခွင့်မရှိပါ။ အထက်တင်ပြပါ VISA ထုတ်ပေး ခြင်းမှကောက်ခံရရှိသည့်ငွေများကဲ့သို့ပင် ကောက်ခံရရှိငွေအားလုံးအား သက်ဆိုင်ရာရုံးများမှ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) သို့ ၃ လ ၁ ကြိမ် ယူရိုငွေကြေးဖြင့် ပုံမှန်လွှဲပြောင်းပေးပို့ပြီး မြန်မာ နိုင်ငံခြားကုန်သွယ်မှုဘဏ်အနေဖြင့် လက်ခံရရှိပါက ညီမျှသည့်ကျပ်ငွေအား ဝင်ငွေခွန်မှကောက်ခံ ရရှိငွေအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေစာရင်းသို့လည်းကောင်း ထောက်ခံစာထုတ်ပေးခြင်းမှ ကောက်ခံရရှိငွေအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ငွေစာရင်းသို့လည်းကောင်း၊ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးပေးခြင်းနှင့် အသစ်ထုတ်ပေးခြင်းမှ ကောက်ခံရရှိငွေအတွက် ပြည်ထဲရေးဝန်ကြီးဌာန ငွေစာရင်းသို့လည်းကောင်း ဆက်လက်လွှဲပြောင်းပေးသွားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါကြောင်း ရိုသေစွာဂါရဝပြုတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(နေပြည်တော်)၏ သက်တမ်းတွက်ချက်သိရှိနိုင်သော ခေတ်မီစက်ကြီးများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ဝင်းအောင်(မြင်းမူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင် ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၌ Thermoluminescence ရှေးဟောင်းပစ္စည်းများအား နှစ်ကာလသက်တမ်းတွက်ချက်ပေးနိုင် သောခေတ်မီစက်ကြီးများ ပြည်ပမှဝယ်ယူရောက်ရှိနေပြီဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ရဲ့အနောက်ဘက် ၆ မိုင်ခန့်အကွာအဝေးရှိပြီး မုံရွာ-မန္တလေးကားလမ်းမကြီးပေါ်မှာတည်ရှိတဲ့ အလ္လကပ္ပကျေးရွာဟာ ထီးနန်း ၇ ဆက်ဖြင့်တည်ရှိခဲ့ဖူးကြောင်းလေ့လာသိရှိရပါတယ်။ ယခု ထက်တိုင်တွေ့ရှိနေရသော အုတ်မြို့ရိုးဟောင်းကြီးအား အထောက်အထားပြုပြီး ဘိုးဘွားများရဲ့ လက်ဆင့်ကမ်းသမိုင်းစကားများကို ဒေသခံကျေးရွာသူကျေးရွာသားများမှတစ်ဆင့် စိတ်ဝင်စားဖွယ်လေ့လာမှတ်သားခဲ့ရပါတယ်။ အလ္လကပ္ပကျေးရွာမှ ဘုန်းတော်ကြီးများ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများအနေနဲ့ ကျေးရွာတည်ရှိမှုသမိုင်းအထောက်အထားများကို သိရှိလိုကြတဲ့အတွက် အဆိုပါအုတ်မြို့ရိုးဟောင်းမှ အုတ်ချပ်ကြီး ၁ ချပ်အား ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ပေးပို့ပြီး သက်တမ်းသိရှိနိုင်ရန်အတွက် အကူအညီတောင်းခံခဲ့သော်လည်း ယနေ့အထိ အဖြေတစ်စုံတစ်ရာ မရရှိသေးကြောင်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနနဲ့သက်ဆိုင်သော ကြယ်ပွင့်ပြမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း(၁) ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(နေပြည်တော်)တွင် ရှေးဟောင်းပစ္စည်းများကို သက်တမ်းတွက်ချက်သိရှိနိုင်သော ခေတ်မီစက်ကြီးများ ပြည်ပမှဝယ်ယူရောက်ရှိခြင်းရှိ/မရှိသိရှိလိုပါကြောင်း လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း (၂) အကယ်၍ ဝယ်ယူရောက်ရှိခဲ့ပါက စက်အမျိုးအစားများနှင့်

ဆောင်ရွက်ပေးနိုင်မှုစွမ်းရည်များအား အသေးစိတ်သိရှိလိုပါကြောင်း လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း(၃) အဆိုပါဝယ်ယူရောက်ရှိခဲ့သော ခေတ်မီစက်ကြီးများတွင် ပစ္စည်းပြည့်စုံမှုရှိ/မရှိနှင့် ပစ္စည်းပြည့်စုံမှုရှိပါက မည်ကဲ့သို့ဆောင်ရွက်ပေးမည်နှင့် ပစ္စည်းပြည့်စုံမှုမရှိပါက မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိသည်များကိုသိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း(၄) အဆိုပါခေတ်မီစက်ကြီးများဖြင့် မြင်းမူမြို့နယ် အလွကပွကျေးရွာတွင်တည်ရှိသော မြို့ရိုးဟောင်းမှအုတ်ချပ်အား သက်တမ်းတွက်ချက်ပေးနိုင်ခြင်းရှိ/မရှိအား ဒေသခံပြည်သူလူထုများမှ စိတ်ဝင်တစားမျှော်လင့်နေကြသည့်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်ဖြစ်ပါတယ်ရှင့်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင် မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်ရှင့်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတို့၏ သက်တမ်းကိုတွက်ချက်နိုင်မည့် သာမိုလူမီးနီးဆင့်ဓာတ်ခွဲခန်းကို ပြည်ပသို့မှာယူခဲ့ရာ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်ဌာနခွဲ၌ ပြည်ပပညာရှင်များကလာရောက်တပ်ဆင်ခဲ့ပြီးဖြစ်ပါတယ်ရှင့်။ မြန်မာနိုင်ငံသည် သမိုင်းမတင်မီခေတ်မှ ယခုကာလအထိ မြေထည်ပစ္စည်းများကိုအသုံးများသည့်အားလျော်စွာ အဆိုပါ သာမိုလူမီးနီးဆင့်ဓာတ်ခွဲစမ်းသပ်ခြင်းသည် ရှေးဟောင်းဝတ္ထုပစ္စည်းများအနက် မြေမီးဖုတ်ရှေးဟောင်းပစ္စည်းများထဲတွင်ပါရှိသည့် ရေဒီယိုသတ္တိကြွဒြပ်စင်ကို အပူပေးစမ်းသပ်သောနည်းဖြစ်ပါတယ်ရှင်။ အလင်းနှင့် အပူကိုသုံးစွဲထားတဲ့ပစ္စည်း တစ်နည်းအားဖြင့် မြေမီးဖုတ်အမျိုးမျိုး၊ ကြွေထည်၊ စဉ့်ထည်စသည့် ပစ္စည်းများရဲ့သက်တမ်းကို အနီးစပ်ဆုံးခန့်မှန်းတွက်ချက်ပေးနိုင်ပါတယ်ရှင့်။ သာမိုလူမီးနီးဆင့် ဓာတ်ခွဲခန်းအတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ သက်တမ်းကိုတွက်ချက်နိုင်ရန်အဆင့် ၃ ဆင့်

လိုအပ်ပါတယ်။ ပထမအဆင့်ကတော့ သန့်စင်ခြင်းအဆင့်ဖြစ်ပါတယ်ရှင့်။ အလင်းနှင့် အပူသုံးစွဲထားတဲ့ပစ္စည်း တစ်နည်းအားဖြင့် မြေမီးဖုတ်ပစ္စည်းတွေ၊ ကြွေထည်၊ စဥ့်ထည်အစရှိတဲ့ပစ္စည်းတွေ ဖြစ်ဖို့လိုအပ်ပါတယ်ရှင့်။ ဒီသက်တမ်းတွက်ချက်တဲ့အခါမှာ တိကျမှန်ကန်တဲ့အဖြေရရှိနိုင်ဖို့အတွက် နမူနာ Sample ရယူခြင်းဟာ အရေးကြီးပါတယ်။ အပေါ်ယံမြေလွှာမှရရှိလာတဲ့ ရှေးဟောင်းမြေမီးဖုတ်ပစ္စည်းဟာ မြေပြင်ပေါ်မှာရှိတဲ့နေမှထွက်လာတဲ့ရောင်ခြည် Cosmic ရောင်ခြည်ကြောင့် တွက်ချက်တဲ့အခါမှာ မှားယွင်းနိုင်ပါတယ်။ အကောင်းဆုံး Sample ကောက်ယူခြင်းဟာ တူးဖော်မှုကျင်းရဲ့အတွင်းပိုင်း၊ အနက်ပိုင်းမှာရှိပြီးတော့ ကျင်းရဲ့အလယ်ပိုင်းကနေရရှိတဲ့ Sample ကသာလျှင် တိုင်းတာရာမှာပိုမိုပြီးတော့ မှန်ကန်တဲ့အဖြေကိုရရှိနိုင်မှာဖြစ်ပါတယ်။ Sample များကို တိုင်းတာတဲ့အခါမှာလည်း ဒီနမူနာပစ္စည်းတစ်ခုတည်းကိုသာမကဘဲနဲ့ အဲ့ဒီ ရှေးဟောင်းပစ္စည်း နေရာမှာရှိတဲ့ မြေကြီးမှာပါဝင်ဖွဲ့စည်းထားတဲ့ဓာတ်များကိုပါ တိုင်းတာစစ်ဆေးမှာဖြစ်ပါတယ်ရှင့်။ အဆိုပါ Sample ကိုစစ်ဆေးရန်အတွက် ပထမအဆင့်အနေနဲ့ ဓာတုဆေးရည်များ၊ ပစ္စည်းကိရိယာများကိုအသုံးပြုပြီးတော့ အဆင့်ဆင့်သန့်စင်ခြင်းဖြစ်ပါတယ်။ ဒုတိယအဆင့်ကတော့ Radiation Source ဖြစ်တဲ့ ရေဒီယိုသတ္တိကြွပစ္စည်း Alpha, Beta နှင့် Gamma Source တို့ကို ထပ်မံပြီးတော့ အသုံးပြုပြီးတော့ စစ်ဆေးအဖြေထုတ်ရမှာဖြစ်ပါတယ်။ တတိယအဆင့်ကတော့ ရလာတဲ့ရလဒ်များအပေါ်တည်ပြီးတော့ ပညာရှင်က Computer Software များဖြင့်တွက်ချက်ပြီးတော့ ခန့်မှန်းသက်တမ်းကို အဖြေထုတ်ခြင်းဖြစ်ပါတယ်ရှင့်။

အခုလက်ရှိဌာနမှာတပ်ဆင်ထားတဲ့ သာမိုလူမီးနီးဆင့်ဓာတ်ခွဲခန်းဟာ ရှေးဟောင်းဝတ္ထုပစ္စည်းရဲ့သက်တမ်းကို တွက်ချက်ပေးမှုအဆင့်အထိ ပြည့်စုံမှုမရှိသေးဘဲနဲ့ နမူနာပစ္စည်းကို ပထမအဆင့်ဖြစ်တဲ့ ဓာတ်ခွဲသန့်စင်ခြင်းအဆင့်ကိုသာ ဆောင်ရွက်နိုင်ပါသေးတယ်။ ဒုတိယအဆင့်ဖြစ်တဲ့ ရေဒီယိုသတ္တိကြွပစ္စည်း Alpha, Beta နှင့် Gamma Source ဖြင့် ဓာတ်ခွဲအဖြေထုတ်ခြင်းကိုမူ မဆောင်ရွက်နိုင်သေးပါဘူးရှင့်။ Radiation Source များရရှိပြီးမှသာ ဆက်လက်ပြီးတော့ ဓာတ်ခွဲပြီး အနီးစပ်ဆုံးသက်တမ်းကိုတွက်ချက်မှုရရှိမှာဖြစ်ပါတယ်။ အဆိုပါ Radiation Source ၃ မျိုး ဝယ်ယူတင်သွင်းမှုသည် ရေဒီယိုသတ္တိကြွပစ္စည်းများဖြစ်တဲ့အတွက်ကြောင့်မို့လို့ တရားဝင်တင်သွင်းရန် ကန့်သတ်ချက်များရှိခဲ့ပါတယ်။ ယခုအခါမှာတော့ ပြည်ပမှပိတ်ဆို့မှု၊ ကန့်သတ်မှုများဖြေလျှော့ပေးပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားပြီး ဝယ်ယူသွားရန် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုမှအကူအညီတောင်းခံရန်စသည်ဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။ အနုမြူဓာတ်သတ္တိကြွပစ္စည်းများတင်သွင်းပေးတဲ့ ကုမ္ပဏီကိုလည်းပဲ ဆက်သွယ်ညှိနှိုင်းလျက်ရှိပါတယ်။

အလားတူအဆိုပါခာတ်ခွဲခန်းတည်ဆောက်ပေးမှုနဲ့ ဆက်နွယ်သည့် ပြည်ပတက္ကသိုလ်၏ ရူပဗေဒဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာနတို့အကြားလည်း Agreement ရေးထိုးပြီး တော့ သာမိုလူမီးနီးဆင့်ခာတ်ခွဲခန်းလိုအပ်ပစ္စည်းများရရှိရေး၊ ခာတ်ခွဲခန်းလည်ပတ်ရေး၊ သက်ဆိုင်ရာ ပညာရှင်များလာရောက်ပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ပေးရေး၊ ခာတ်ခွဲခန်းအဆင့်မြှင့်တင်ရေး များဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ ရှိ မြို့ရိုးဟောင်းမှရှေးဟောင်းအုတ်ချပ်များကို အဆိုပါပစ္စည်းများ ပြည့်စုံသည့်အခါတွင် ခာတ်ခွဲ စမ်းသပ်၍ အနီးစပ်ဆုံးခန့်မှန်းသက်တမ်းကို တွက်ချက်ပေးနိုင်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ရှင့်။ (သြဘာသံများ)

**မြန်မာ့မီးရထားလုပ်ငန်းမှ ဆက်သွယ်ရေးအတွက် အသုံးပြုလျက်ရှိသော ကြေးနန်းကြိုးများနှင့် တိုင်များ များကို ပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြ ပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးရတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ဒီမေးခွန်းကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော် တို့ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်းသို့ ဖြတ်သန်းခုတ်မောင်းအသုံးပြုလျက်ရှိတဲ့ ရထား ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းရဲ့ မီးရထားဘူတာရုံများအချင်းချင်းဆက်သွယ်ရေး အတွက် သွယ်တန်းထားတဲ့ မြို့နယ်အတွင်းရှိ မိုင်တိုင်အမှတ် ၉၄/၇ မှ ၁၀၅/၅ အထိ အရှည်အားဖြင့် ၉.၅ မိုင်ရှည်လျားတဲ့ ကြေးနန်းကြိုးများ၊ သံတိုင်များဟာ သစ်ပင်ကြီးများ သဘာဝဘေးများကြောင့် ယိုင်လဲခြင်း၊ ကြိုးများပြုတ်ကျနေခြင်းများဖြစ်ပေါ်လျက်ရှိနေပါတယ်။ အဆိုပါ မီးရထားလမ်းမကြီးဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ရန်ကုန်-ပြည် မီးရထားလမ်းကြီးဖြစ်ပြီး နှစ်ပေါင်း ၁၃၀ ကျော်ကြာမြင့် နေပြီဖြစ်တဲ့အတွက် ကြိုးများပြုတ်ကျနေခြင်း၊ သံတိုင်များလဲနေခြင်းများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ယင်းကဲ့သို့သော အခြေအနေများကြောင့် နိုင်ငံပိုင်ပစ္စည်းများဖြစ်တဲ့ ကြေးနန်းကြိုးများကို အလွယ် တကူ ဖြတ်တောက်ရယူနေခြင်းတို့ကြောင့် တာဝန်သိပြည်သူတို့ရဲ့ သတင်းပေးမှုအရ ဖမ်းမိတဲ့လူတွေ

ကို ဥပဒေအရအရေးယူနေရမှုများလည်း တွေ့မြင်သိရှိနေရပြီး မဖမ်းမိဘဲ ပျောက်ဆုံးဆုံးရှုံးနေတဲ့ နိုင်ငံပိုင်ပစ္စည်းများ မည်မျှရှိနေမယ်ဆိုတာကို မသိရှိနိုင်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ၎င်းကြိုးများ၊ တိုင်များ ကို ပြန်လည်စိစစ်သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်အခါမှာ ဘူတာရုံများဟာ အဆင့်မြင့် ဆက်သွယ်ရေးစကားပြောစက်များနှင့် ဆက်သွယ်အသုံးပြုနေပြီဖြစ်ပါ၍ ရေရှည်အသုံးပြုနိုင်ရေး အတွက် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ မြန်မာ့မီးရထားလုပ်ငန်းမှ ဆက်သွယ်ရေးအတွက် အသုံးပြုလျက်ရှိတဲ့ ကြေးနန်းကြိုးများနှင့် တိုင်များ စနစ်တကျပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်းရှိ/မရှိနှင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး များအားလုံး၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ မြန်မာ့မီးရထားလုပ်ငန်းက ဆက်သွယ်ရေးအတွက် အသုံးပြုလျက်ရှိတဲ့ ကြေးနန်းကြိုးများနှင့်တိုင်များကို စနစ်တကျပြုပြင် ထိန်းသိမ်းပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေနဲ့ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကလည်း အင်မတန်မှမေးသင့်မေးထိုက်တဲ့ မေးခွန်းဖြစ်ပြီး တော့ နိုင်ငံအတွက်အင်မတန်မှ တန်ဖိုးရှိတဲ့မေးခွန်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီမေးခွန်း မေးတဲ့အတွက်လည်း အထူးပဲဝန်ကြီးဌာနအနေနဲ့ ကျေးဇူးတင်ပါတယ်။ ကြိုဆိုပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်း မီးရထားလုပ်ငန်းရဲ့ မီးရထားဘူတာရုံ အချင်းချင်း ဆက်သွယ်တဲ့ မိုင်တိုင်အမှတ် ၉၄/၇ ကနေပြီးတော့ ၁၀၅/၅ အထိ ၉ မိုင်ခွဲရှည်လျားတဲ့ တယ်လီဖုန်း လိုင်းများဟာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင်ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ မွမ်းမံ

ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လက်ရှိတိုင်များပေါ်မှာ မီးရထားအတွက် တစ်ဖက်နှင့် တစ်ဖက်အသုံးပြုနိုင်တဲ့ ကွန်ထရိုင်းလိုင်း ၂ ပင်နှင့် လိုင်းကြိုး ၁ ပင်ပါတဲ့ ဘလောက်လိုင်းကြိုးများနှင့် ကြို့ပင်ကောက်-အုတ်ဖို-မင်းလှ အရန်ဖိုက်ဘာဆက်ကြောင်းကို ဆောင်ရွက်ထားပါတယ်။ အခုအခါမှာ မီးရထားအတွက် တစ်ဖက်နှင့်တစ်ဖက်အသုံးပြုနိုင်တဲ့ ဘလောက်လိုင်းတွေ မဂ္ဂနက်တိုတယ်လီဖုန်းများဟာလည်း ဟောင်းနွမ်းနေပြီးတော့ သုံးစွဲလို့မရတဲ့ အနေအထားရှိတဲ့အတွက် ဆက်သွယ်ရေး I-com စက်များနဲ့ပဲ သုံးစွဲနေရပါတယ်။ ဒီလိုင်းများမှာ တပ်ဆင်ထားတဲ့ တိုင်များ၊ ကြိုးများကို ပြန်လည်စစ်ဆေးပြီးတော့ ဆက်သွယ်ရေးလုပ်ငန်းအတွက် လက်ရှိအသုံးပြုနေတဲ့ကြိုးများနှင့် တိုင်များကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဆောင်ရွက်နိုင်ဖို့နဲ့ နောက်တစ်ပိုင်းအနေနဲ့ အသုံးမပြုတဲ့ လိုင်းကြိုးတွေကိုလည်း စနစ်တကျဖြုတ်သိမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုနယ်နိမိတ်များ မှန်ကန်တိကျစေရေးအတွက် ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ချင်းတိုင်းရင်းသားများသည် ဘိုးဘွားအစဉ်အဆက် တောင်ယာကို အဓိကစိုက်ပျိုးလုပ်ကိုင်နေလျက်ရှိပါတယ်။ နှစ်စဉ်တောင်ယာခုတ်ရာတွင် ကျေးရွာအုပ်စုတစ်ခုနှင့်တစ်ခုဖြစ်စေ၊ ကျေးရွာအတွင်းရှိ ကျေးရွာတစ်ရွာနှင့်တစ်ရွာဖြစ်စေ နယ်နိမိတ်အပေါ် ပြဿနာများ မကြာခဏဖြစ်ပေါ်လျက်ရှိပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ယခင်အင်္ဂလိပ်လက်ထက်တွင် ချင်းတောင်တန်းစည်းမျဉ်းဥပဒေ ၁၈၉၂ ပြဋ္ဌာန်းကာ ရှေးအစဉ်အဆက်ရှိခဲ့သော ကျေးရွာများ၏ နယ်နိမိတ်ကို ပြန်လည်သတ်မှတ်ခဲ့ပြီး ကျေးရွာအကြီးအကဲ သူကြီးများ ခန့်အပ်တာဝန်ပေးရာတွင် ကျေးရွာအကြီးအကဲ သူကြီးခန့်အပ်သော အမည်နှင့် ၎င်းတို့စီရင်အုပ်ချုပ်ရမည့် ကျေးရွာနယ်နိမိတ်များကို ဖော်ပြထားပြီး သူကြီးခန့်အပ်သည့် မှတ်ပုံတင်စာအုပ်မှာ မှတ်တမ်းရေးသွင်းထားသည်ကို တွေ့ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ချင်းပြည်နယ်အတွင်း ကျေးရွာနယ်နိမိတ်များကို ၁၉၃၅ ခုနှစ်၊ ၁၉၄၈ ခုနှစ်၊ ၁၉၇၃ ခုနှစ်၊ ၁၉၇၄ ခုနှစ်တွင်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုဌာန်းနိုင်ရေးအတွက် ချင်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအဆင့် နယ်နိမိတ်များကို ယခင်ရှိပြီးနယ်နိမိတ်မှတ်တိုင်များကို ပြန်လည်စိစစ်ပြီး အတည်ပြုခဲ့ကြောင်းလေ့လာသိရှိခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ သို့သော် နောက်ပိုင်း အစိုးရလက်ထက်တွင် နယ်နိမိတ်မှတ်တိုင်များကို ကြိုက်သလိုရွှေ့လိုက်ပြောင်းလိုက်နဲ့ မှတ်တိုင်များ အတိအကျမရှိ၍ ပြဿနာများဖြစ်ပေါ်လာပါတယ်။ ကျွန်မတို့ လေ့လာကြည့်မယ်ဆိုရင် ချင်းပြည်နယ်ကို မကွေးတိုင်း၊ စစ်ကိုင်းတိုင်းများနှင့် နယ်နိမိတ်ပြဿနာများ မကြာခဏဖြစ်ပေါ်လျက်ရှိပါတယ်။ ဤသို့ဖြစ်ပေါ်ရခြင်း အဓိကအားနည်းချက်မှာ (၁) ရပ်ကွက်/ကျေးရွာအုပ်စု အကြီးအကဲ ရွေးချယ်ခန့်ထားရာတွင် ၎င်းတို့စီရင်အုပ်ချုပ်ရမည့် နယ်နိမိတ်အတိအကျသတ်မှတ်ဖော်ပြချက်မရှိခြင်း၊ (၂) ရပ်ကွက်/ကျေးရွာအုပ်စု၏ နယ်နိမိတ်ဖော်ပြချက် မှတ်တမ်းမြေပုံများ ကျေးရွာတွင်လည်းကောင်း၊ မြို့နယ်ဦးစီးဌာနတွင်လည်းကောင်း တိတိကျကျမရှိခြင်း၊ (၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တာဝန်လွှဲပြောင်းချိန်တွင် မြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေပြင်ကွင်းဆင်းပြသမှုအစဉ်အလာမရှိခြင်း၊ (၄) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မိမိတာဝန်ကျသည့် ရပ်ကွက်/ကျေးရွာအုပ်စုများကို တာဝန်ခွဲဝေထားခြင်းမရှိခဲ့သဖြင့် ယခင်အင်္ဂလိပ်အစိုးရကဲ့သို့ လစဉ်ပုံမှန်ကွင်းဆင်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းပေါင်းစပ်ခြင်းမရှိခြင်းတို့ကြောင့် နယ်နိမိတ်ပြဿနာများဖြစ်ပေါ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သို့ဖြစ်ပါ၍ အောက်ပါအချက်များကို ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။ (၁) ကျေးရွာ/အုပ်စုနယ်နိမိတ်မှတ်တိုင်များ ယခင်ကဲ့သို့ သေသေချာချာစိစစ်ပေးပြီး တိုင်များ ပြန်လည်စိုက်ထူပေးရန်၊ (၂) ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ခန့်ထားရာတွင် စီရင်အုပ်ချုပ်ရမည့် နယ်နိမိတ်ဖော်ပြပြီး အုပ်ချုပ်ရေးမှူးခန့်အပ်မှုမှတ်ပုံတင်စာအုပ် ပြန်လည်ထားရှိပေးရန်၊ (၃) မြို့နယ်မြေစာရင်းဦးစီးဌာနမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ မြေပြင်ကွင်းဆင်းပြသနိုင်ရန်၊ (၄) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဒုတိယဦးစီးမှူးများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအပိုင်းလိုက်တာဝန်ခွဲပြီး လစဉ်ကွင်းဆင်းစေကာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ စိစစ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်ရန်တို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲနေချိန်တွင် တိကျမှန်ကန်ပြတ်သားပြီးမှ လုပ်ပြီးမှသာလျှင် ပြည်သူတို့၏ ယုံကြည်အားကိုးမှုကို ရရှိနိုင်မှာဖြစ်ကြောင်းတင်ပြမေးမြန်းအပ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းက ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ကို ခရိုင် ၃ ခရိုင်၊ မြို့နယ် ၉ မြို့နယ်၊ မြို့နယ်ခွဲ ၄ ခု၊ မြို့ ၁၃ မြို့၊ ရပ်ကွက် ၄၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၇၀ အုပ်စုနှင့် ကျေးရွာ ၁၃၄၆ ရွာဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများရဲ့ အကျယ်အဝန်းဧရိယာ ဧကနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များဟာ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိတဲ့ အမိန့်ကြော်ငြာစာအရ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမှုတွဲများမှာ ပါရှိတဲ့အတိုင်း အတည်ပြုထားရှိပါတယ်။ ချင်းပြည်နယ်ရဲ့ တိုးတက်ဖွံ့ဖြိုးလာတဲ့ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအရ အချို့ကျေးရွာများက မူလတည်ရှိနေရာမှ ပိုမိုကောင်းမွန်တဲ့နေရာသို့ ပြောင်းရွှေ့အခြေချမှုများရှိနေပါတယ်။ သို့ဖြစ်တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အတည်ပြုစာရင်းနဲ့ မြေပြင်မှာရှိတဲ့ ကျေးရွာများရဲ့ တည်နေရာနှင့် အရေအတွက် ကွဲလွဲနိုင်မှုရှိတာကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်အရ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ဦးဆောင်ကြီးကြပ်၍ သက်ဆိုင်ရာ ဌာနအကြီးအကဲများနှင့် ပူးပေါင်းပြီး မြေပြင်ကွင်းဆင်းစစ်ဆေးစိစစ်ဆောင်ရွက်ခဲ့ရာမှာ ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုတဲ့ အမည်စာရင်းမှာပါဝင်ပြီး မြေပြင်မှာ တည်ရှိမှုမရှိတဲ့ကျေးရွာ ၁၂၁ ရွာ၊ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အတည်ပြုစာရင်းမှာ မပါဝင်ပေမယ့်လည်း မြေပြင်မှာ အမှန်တကယ်တည်ရှိနေတဲ့ ကျေးရွာသစ် ၁၆၅ ရွာ၊ သစ်တောကြိုးဝိုင်းအတွင်းမှာ ကာလကြာရှည်စွာ အခြေကျနေထိုင်ခဲ့တဲ့အတွက် ကျေးရွာအဖြစ် သတ်မှတ်သင့်တဲ့ ကျေးရွာ ၃၂ ရွာရှိကြောင်း တွေ့ရှိရပါတယ်။ ကျေးရွာသစ်များရဲ့နယ်နိမိတ်သတ်မှတ်ရာမှာ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ ပုဒ်မ ၉၉၅ မှာပါတဲ့ သဘာဝအပိုင်းအခြားအမှတ်အသားများ ကွက်ကျဲတိုင်းတာထားတဲ့ အမြဲမြေစာရင်းအမှတ်အသားများဖြင့် သတ်မှတ်နိုင်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ဦးဆောင်ကြီးကြပ်၍ ပြုစုဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ကျေးရွာများရဲ့နယ်နိမိတ်အငြင်းပွားမှုဖြစ်ပေါ်ပါက ယခင်ကရှိခဲ့တဲ့ သူကြီးမှတ်ပုံတင်စာအုပ် (Headman Register) မှာပါတဲ့ ကျေးရွာနယ်နိမိတ်ကို စိစစ်ခြင်း၊ သက်ဆိုင်ရာမြို့နယ်

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှာရှိတဲ့ အမှုတွဲပါအတိုင်း မြေပုံနယ်နိမိတ်တို့ကို စစ်ဆေးခြင်း၊ ပတ်ဝန်းကျင် ကျေးရွာများရဲ့ ထွက်ဆိုချက်များ၊ အငြင်းပွားတဲ့ ကျေးရွာများမှ ရှေ့မီနောက်မီရပ်မိရပ်ဖ များရဲ့ ထွက်ဆိုချက်များ၊ အခြားသက်သေအထောက်အထားစာရွက်စာတမ်းများကို ရယူစိစစ်ကာ ဖြေရှင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျေးရွာများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းကိစ္စရပ်များ ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များမှ နိုင်ငံတော်သမ္မတရုံးသို့ အမှုတွဲများနှင့်အတူ ထောက်ခံ တင်ပြဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မေးခွန်းအပိုဒ် (ခ)မှာပါတဲ့အချက်နှင့် ပြန်လည်ရှင်းလင်း တင်ပြရရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးခန့်အပ်တဲ့ မှတ်ပုံတင်စာအုပ် (Headman Register) ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရင်းချုပ်အဖြစ်လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ မြို့နယ် အလိုက်စာရင်းချုပ်အဖြစ်လည်းကောင်း၊ သီးခြားဖိုင်များဖြင့် စနစ်တကျထိန်းသိမ်းထားရှိပါတယ်။ အလားတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်မှာလည်း မိမိတို့ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရဲ့ ကိုယ်ရေးမှတ်တမ်းကတ်ပြားတွေကို ထိန်းသိမ်းထားရှိပါတယ်။ ပြောင်းလဲလာတဲ့ အုပ်ချုပ်မှုပုံစံစနစ်နှင့်အညီ မှတ်တမ်းများပိုမိုစနစ်တကျဖြစ်စေရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ခန့်အပ်မှုမှတ်ပုံတင်စာအုပ်များကို ပြန်လည်ထားရှိလျက်ရှိကြောင်း တင်ပြလိုပါတယ်။ မေးခွန်းအပိုဒ်(ဂ)မှာပါတဲ့ အချက်နှင့်ပတ်သက်ပြီး ပြန်လည်တင်ပြရရင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ အလုပ်တာဝန်လွှဲပြောင်းလက်ခံပြီးသည့်အခါတိုင်း တာဝန်ကျမြေတိုင်း စာရေးဟာ အုပ်ချုပ်ရေးမှူးနှင့်အတူ မြေပြင်ကွင်းဆင်းပြသ၍ အပ်နှံမှုကို ယခင်ကရှိခဲ့သော်လည်း ပြောင်းလဲလာ တဲ့အုပ်ချုပ်မှုပုံစံများကြောင့် ယခုအခါ ဆောင်ရွက်မှုမရှိတော့ကြောင်း တွေ့ရှိရပါတယ်။ လိုအပ်ချက်များအရ ကွင်းဆင်းသည့်အခါ လိုက်လံပြသမှုများ ဆောင်ရွက်လျက်ရှိတဲ့အတွက် မြေစာရင်းလက်စွဲဥပဒေပုဒ်မ ၉၉၇ ပါအတိုင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနမှ ပြန်လည်ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။ မေးခွန်းအပိုဒ်(ဃ)နှင့်ပတ်သက်လို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး(စီမံ-၁)များကို ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုများမှာ နယ်မြေပိုင်းခြားတာဝန်ပေးအပ်ပြီး လစဉ်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စေလျက်ရှိပါ တယ်။ စစ်ဆေးတဲ့နေရာမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများမှာထားရှိရမယ့် ပုံစံ ၂၇ မျိုးထားရှိ ခြင်းရှိ/ မရှိ။ သတ်မှတ်ချက်အတိုင်း ဖြည့်စွက်ထားခြင်းရှိ/မရှိ။ ရုံးလုပ်ငန်းနှင့်ပတ်သက်သည့်ကိစ္စများ စစ်ဆေးခြင်း၊ ရပ်မိရပ်ဖများမှ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များနှင့်

တွေ့ဆုံ၍ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပြည်သူများရဲ့တင်ပြချက်များကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်တင်ပြပေးခြင်း များကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ ကျေးဇူးတင်ပါတယ်။ ကျွန်မမေးခွန်းက မြေစာရင်းဦးစီးဌာနနဲ့ ပူးပေါင်းမှပဲ ကျွန်မ အဖြေကို အဆင်ပြေမှာဖြစ်ပါတယ်။ အခုက အုပ်ချုပ်ရေးကဏ္ဍကို မေးမြန်းတဲ့အတွက် ကျွန်မတို့ ဖွဲ့စည်းထားတဲ့ အခုကော်မတီ စီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်ကော်မတီ များဖွဲ့စည်းတဲ့အခါမှာလည်း ဘယ်သူကရွေးချယ်မယ်ဆိုတာလဲ အတိအကျမရှိလို့ ကျွန်မတို့မှာ အခက်အခဲရှိပါတယ်။ အဲ့ဒါလေးကိုလည်း တစ်ဆက်တစ်စပ်တည်း မေးခွန်းအဖြစ် မေးမြန်းလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ မေးခွန်း မေးတာကို ကျွန်တော်သိပ်သဘောမပေါက်ဘူး။ ထပ်မေးပေးပါ။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ ကျွန်မမေးခွန်းက မြေစာရင်းဦးစီးဌာနနဲ့ ပူးပေါင်းမှပဲ ကျွန်မလိုအပ်တဲ့ မေးခွန်းအဖြေကို ရရှိမှာဖြစ်ပါတယ်။ ညှိနှိုင်းပေးဖို့ တောင်းပန်ပါတယ်။ ပြီးတော့ အခုက အုပ်ချုပ်ရေးမှာ ကော်မတီတွေ ဖွဲ့စည်းထားပါတယ်။ အဲ့ဒီအထောက်အကူပြုကော်မတီများ ဖွဲ့စည်းတဲ့အခါမှာ ဘယ်သူကရွေးမလဲ။ အုပ်ချုပ်ရေးမှူးက တိုက်ရိုက်ရွေးမလား။ ပြည်သူလူထုက ရွေးမလားဆိုတာလည်း ကျွန်မတို့ မြို့နယ်မှာ ပြဿနာအများကြီးရှိလို့ တစ်ဆက်တစ်စပ်တည်းမေးခွန်းနဲ့ မေးမြန်း ခြင်းဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီတွေနဲ့ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာ ကျေးရွာအုပ်စုတွေကနေပြီးတော့မှ ရွေးချယ်ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ပထမမေးခွန်းကတော့ မြေစာရင်းဦးစီးဌာနကနေ ဆောင်ရွက်ပေးရမယ့်ကိစ္စဖြစ်တဲ့အတွက် ဒါလည်းမြေစာရင်းဦးစီးဌာနနဲ့ သက်ဆိုင်ရာနဲ့ညှိနှိုင်းပေးဖို့ဆိုတဲ့ သဘောဖြစ်ပါတယ်။ အထောက်အကူပြုရွေးချယ်တင်မြှောက်မှုပုံစံကတော့ ဒီလောက်နဲ့တော့ မရှင်း

နိုင်သေးပါဘူး။ ဒါကြောင့်ရှင်းအောင်ထပ်ပြီးတော့ သေချာဆွေးနွေးညှိနှိုင်းပေးဖို့လိုပါလိမ့်မယ်။ ဒီနေ့တော့ ဒီလောက်ပဲဖြစ်ပါတယ်။

**နိုင်ငံတော်ပြန်တမ်းအဖြစ် ထုတ်ပြန်ကြေညာပြီး ပေးအပ်ချီးမြှင့်ထားသည့် ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်နှင့် လစဉ်ချီးမြှင့်ငွေအား ခေတ်နှင့်လျော်ညီစွာတိုးမြှင့်ချီးမြှောက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေညာပြီး ပေးအပ်ချီးမြှင့်ထားသည့် ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်နှင့် လစဉ်ချီးမြှင့်ငွေအား ခေတ်နှင့်လျော်ညီစွာ တိုးမြှင့်ချီးမြှောက်လိုသည့် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မင်္ဂလာတရားတော်ကြီးကို လက်ကိုင်ထားတဲ့ နိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်သောသူများကို ဂုဏ်ပြုချီးမြှင့်ခြင်းကို ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့တဲ့ နိုင်ငံတော်အစိုးရအသီးသီးက ဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလမှာ နိုင်ငံတော်ရဲ့အကျိုးအတွက် သတ်မှတ်ထားတဲ့နည်းလမ်းနှင့်အညီ ဆောင်ရွက်ခဲ့ကြတဲ့ပုဂ္ဂိုလ်များကို ဆောင်ရွက်မှုအလိုက် နိုင်ငံ့ဂုဏ်ရည်ဘွဲ့တံဆိပ်နှင့် လစဉ်ချီးမြှင့်ငွေထောက်ပံ့ပေးခဲ့ပါတယ်။ ယခုအခါ ပြောင်းလဲနေတဲ့ ငွေကြေးတန်ဖိုးအရ နှိုင်းစာကြည့်ရင် အမြင်မတော်ဆင်တော်နှင့်ခလောက်သလို ဖြစ်နေပါတယ်။ ကျွန်တော်ရဲ့မြို့နယ်မှာရှိတဲ့ နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်ရရှိတဲ့ ပုဂ္ဂိုလ်ကြီးဆိုရင် အသက်အားဖြင့် ၉၀ နီးပါးရှိနေပြီဖြစ်ပါတယ်။ လစဉ်ချီးမြှင့်ငွေဟာ ၃၇၅ ကျပ်သာထုတ်ယူခံစားနေရသည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးခြုံကြည့်မယ်ဆိုရင်တောင်မှ လူဦးရေခန့်မှန်းချက်မှာ ၁၀၀ ဦးလောက် သာရှိလိမ့်မယ်လို့ထင်ပါတယ်။ အားလုံးနီးပါး ဘဝနေဝင်ချိန်ကို လျှောက်လှမ်းနေရတဲ့ အရွယ်ရောက်နေပြီးဖြစ်ကြတဲ့အတွက်ကြောင့်မို့လို့ နေဝင်ဆည်းဆာရဲ့အလှကို မြင်တွေ့သွားနိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရမှ ဂရုဏာရှေ့ထားကာ နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေညာပြီး ပေးအပ်ချီးမြှင့်ထားသည့် ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်နှင့် လစဉ်ချီးမြှင့်ငွေအား ခေတ်နှင့်လျော်ညီစွာ တိုးမြှင့်ချီးမြှောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့်ရှိပါက မည်သည့်အချိန်တွင်

အမြန်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစောဘသိန်းရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ယခင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၀၉) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်အရ ပြည်ထဲရေးဝန်ကြီးဌာနမှ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့အား ထောက်ခံတင်ပြလာတဲ့ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်သင့်ချီးမြှင့်ထိုက်တဲ့ လုပ်ငန်းရပ်များကို စိစစ်ပြီး ဒုတိယသမ္မတ နာယကအဖြစ်ဆောင်ရွက်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရေးစိစစ်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ ယခင်နိုင်ငံတော်ကောင်စီရဲ့ ၁၉၈၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၅၄/၈၀) ဖြင့် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမအဆင့်အတွက် ငွေ ၃၀၀၀၀ ကျပ်တိတိ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယအဆင့်အတွက် ၁၅၀၀၀ ကျပ်တိတိကိုလည်းကောင်း လစဉ်ချီးမြှင့်ငွေမှာ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမအဆင့်အတွက် ၆၀၀ ကျပ်တိတိ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ဒုတိယအဆင့်အတွက် ၃၀၀ ကျပ်တိတိဟုလည်းကောင်း ချီးမြှင့် ခံစားခွင့် ပြဋ္ဌာန်းထားရှိပါတယ်။ ဒါကြောင့် အဲဒီပြဋ္ဌာန်းချက်အရ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမအဆင့် ၄၃၆ ဦး၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယအဆင့် ၄၅၄ ဦးကိုပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရရှိတဲ့ ပုဂ္ဂိုလ်ကြီးများကို လစဉ်ချီးမြှင့်ငွေကို ခေတ်နှင့်လျော်ညီစွာ တိုးမြှင့်ချီးမြောက်လိုလျှင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းရေးစိစစ်ရေးအဖွဲ့မှ နိုင်ငံတော်သမ္မတထံတင်ပြပြီး လိုအပ်သလိုဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်းနှင့်ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်နှင့် လစဉ်ချီးမြှင့်ငွေများအား လတ်တလောတိုးမြှင့်ချီးမြှင့်ပေး

ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လစာစရိတ်ထောက်ပံ့ငွေများ၊ အရည်အသွေးမြှင့်တင်မှုများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်နည်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင်တစ်ဦး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုမေးမြန်းသွားမယ့် မေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဓိကအခန်းကဏ္ဍအဖြစ် တာဝန်ယူထမ်းဆောင်နေကြသူများဖြစ်ပါတယ်။ ယင်းကဲ့သို့ တာဝန်ယူထမ်းဆောင်တဲ့နေရာမှာ ပြည်သူ အမှန်တကယ်အားကိုးသော ပြည်သူ့ရဲများအဖြစ် လာဘ်ပေးလာဘ်ယူကင်းရှင်းနိုင်စေရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ထဲမှာ ပြည်သူ့ရဲများအပေါ် တာဝန်ယူမှုအပိုင်းကို သိလိုပါသဖြင့် အောက်ဖော်ပြပါ မေးခွန်းကြီး ၈ ခုအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းနံပါတ် (၁) အနေနဲ့ မြို့နယ်တစ်ခုလျှင် အရာရှိမှစ၍ ရိုးရိုးတပ်သားအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့အရေအတွက် မည်မျှခန့်အပ်ပြီး လစာမည်မျှစီရရှိပါသနည်း။ မေးခွန်းနံပါတ်(၂) ၎င်းရဲတပ်ဖွဲ့ဝင်များအား အဆင့်အလိုက် ရဲဝတ်စုံအပြည့်အစုံကို ၁ နှစ် သို့မဟုတ် ၆ လအလိုက် မည်ကဲ့သို့သတ်မှတ်၍ ထောက်ပံ့ပေးပါသနည်း။ မေးခွန်းနံပါတ်(၃) ရိက္ခာစိုများအတွက် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တစ်နေ့လျှင် ထောက်ပံ့စရိတ်ငွေကျပ် ၅၀၀ ပေးသည်ဆိုသည်မှာ အမှန်ပါလားရှင်။ ၎င်း ၅၀၀ ကျပ်မှာ ယခုခေတ်ကာလတန်ဖိုးနှင့် ကိုက်ညီမှုမရှိပါသဖြင့် ဝန်ကြီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ တစ်နေ့လျှင် ၁၅၀၀ ကျပ်တိုးပေးရန် အစီအစဉ်ရှိပါသလား။ အကယ်၍များ အစီအစဉ်ရှိပါသည်ဆိုပါက မည်သည့်အချိန်မှစ၍ တိုးပေးမည်နည်း။ မရှိဘူးဆိုရင် အဘယ်ကြောင့်နည်းဟုမေးမြန်းအပ်ပါသည်။ ဆက်လက်၍ မေးခွန်းနံပါတ် (၄)

အနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၏ ဘတ်ဂျက်တင်ပြမှုကိုလေ့လာကြည့်မည်ဆိုပါက အရည်အသွေး အဆင့်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ရှိသည်ဟုတင်ပြထားပါသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ၎င်းသင်တန်းများဖွင့်လှစ်မှုအရေအတွက်မည်မျှရှိပါသနည်းရှင်။ အဲဒီလိုဖွင့်လှစ်ပြီးတဲ့နောက်ပိုင်းမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအရေအတွက်အနေနဲ့ သင်တန်းသား အရေအတွက်မည်ကဲ့သို့တက်ရောက်ပြီးပါသနည်း။ မေးခွန်းနံပါတ်(၅) အချို့သင်တန်းများမှာ လာဘ်ပေးလာဘ်ယူများပြုလုပ်၍ ပင်စင်ယူသည့်တိုင် သင်တန်းမတက်ရောက်သူများ ရှိနေသည့် အပြင် အချို့ဖြောင့်မတ်မှန်ကန်သူများဟာ သင်တန်းကို နှစ်ကြိမ်တိုင်တိုင် ပြန်တက်ရမှုများရှိနေသဖြင့် ကြပ်မတ်ဆောင်ရွက်ရန်အစီအစဉ်ရှိပါသလား။ မေးခွန်းနံပါတ် (၆) ယခုအချိန်ထိ အချုပ်သားများကို ရိုက်နှက်နေဆဲ ကိစ္စများရှိနေပါသဖြင့် မည်သည့်ဥပဒေ၊ နည်းဥပဒေများနှင့် ထိန်းကျောင်းမည်ကိုလဲ သိရှိလိုတယ်ရှင်။ နံပါတ်(၇)မေးခွန်း အချို့ရဲတပ်ဖွဲ့ဝင်များ အိမ်ခန်းမရှိသည့်အတွက် အပြင်မှာ မိမိတို့ ပိုင်ဆိုင်သော ဝင်ငွေများ၊ စရိတ်များထဲမှ ငှားရမ်းနေထိုင်မှုအပေါ် မည်ကဲ့သို့ အမြန်ဆုံးဆောင်ရွက် ပေးပါမည်နည်း။ မေးခွန်းနံပါတ်(၈) ဝန်ကြီးဌာန အိမ်ခန်းမပေးနိုင်၍ အပြင်မှာငှားနေရသော ရဲဝန်ထမ်းများအား ငွေကျပ် ၁၀ ခန့်သာ ထောက်ပံ့သည့်စရိတ်မှာမှန်ပါသလား။ မှန်သည်ဆိုရင် ယခု ခေတ်နှင့်မကိုက်ညီသဖြင့် အမှန်တကယ် ဝန်ထမ်းအခန်းမပေးနိုင်သော ရဲဝန်ထမ်းမိသားစုများအား ထောက်ပံ့စရိတ် ၁ လလျှင် ၁၅၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိပေးနိုင်ရန် ၂၀၁၃-၂၀၁၄ ဘတ်ဂျက် ထဲမှာအစီအစဉ်ရှိပါသလား။ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပါမည်နည်း။ မရှိဘူးဆိုပါက အဘယ်ကြောင့်နည်း။ အထက်ဖော်ပြမေးခွန်းများအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ရန်ကုန် တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေရဲ့ မေးခွန်း နှင့်စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့နယ်များမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကွပ်ကဲမှုအောက်မှာ မြို့မရဲစခန်းနဲ့နယ်မြေရဲစခန်းများ ဖွဲ့စည်းထားရှိပါတယ်။ အချို့မြို့နယ်တွေမှာ နယ်မြေအေးချမ်းရေး နှင့်တရားဥပဒေစိုးမိုးရေးလိုအပ်ချက်များအရ နယ်မြေရဲစခန်းနဲ့ ရဲကင်းစခန်းများကို လိုအပ်ချက်

အပေါ်မူတည်ပြီးတော့မှ ဖွင့်လှစ်ဆောင်ရွက်လျက်ထားရှိပါတယ်။ အဆိုပါမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှာ အရာရှိ ၇ ဦး၊ အခြားအဆင့် ၈ ဦး၊ စုစုပေါင်း ၁၅ ဦး၊ မြို့မရဲစခန်းမှာ အရာရှိ ၁၂ ဦး၊ အခြားအဆင့် ၆၉ ဦး၊ စုစုပေါင်း ၈၁ ဦးဖြင့် ဖွဲ့စည်းထားရှိပါတယ်။ နယ်မြေရဲစခန်းမှာ အရာရှိ ၈ ဦး၊ အခြားအဆင့် ၃၇ ဦး၊ စုစုပေါင်း ၄၅ ဦး၊ ရဲကင်းစခန်းမှာ အရာရှိ ၁ ဦး၊ အခြားအဆင့် ၁၇ ဦး၊ စုစုပေါင်း ၁၈ ဦးဖွဲ့စည်းထား ရှိပါတယ်။ ဒီတပ်ဖွဲ့ဝင်တွေရဲ့လစာမှာ အရာရှိရဲ့အမြင့်ဆုံးလစာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးအနေနဲ့ ၁၅၀၀၀၀ ကျပ်ဖြစ်ပြီးတော့ အနိမ့်ဆုံးလစာမှာ ရဲတပ်သား ၆၀၀၀၀ ကျပ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ရဲဝတ်ပစ္စည်း ၂၂ မျိုးကို ဒုရဲအုပ်လောင်းနှင့် ရဲတပ်သား အဖြစ် စတင်ဝင်ရောက်တဲ့အချိန်မှာ အခမဲ့ထုတ်ပေးထားရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အတွင်းမှာ တပ်ဖွဲ့ဝင်အားလုံးအတွက် တူညီရဲဝတ်စုံ အခမဲ့ထုတ်ပေးခြင်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ ၁ ကြိမ်၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှာ ၁ ကြိမ်နဲ့ တိုက်ခိုက်ရေးဖိနပ်ထုတ်ပေး ခြင်းကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှာ ၁ ကြိမ် ထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တပ်ဖွဲ့ဝင်များ ကို ရဲဝတ်ပစ္စည်းများဖြစ်တဲ့ ဦးထုပ်၊ ဝတ်စုံ၊ ခါးပတ်၊ ခါးပတ်ကြီး (ပခုံးသိုင်းကြိုး၊ ပစ္စည်းထည့်အိတ်ပါ) စောင်ထူ၊ မျက်နှာသုတ်ပုဝါ၊ ခြေအိတ်အစရှိတဲ့ ရဲဝတ်ပစ္စည်းများထုတ်ပေးနိုင်ရေးကို ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ ရဲဝတ်ပစ္စည်းများကို လိုအပ်ချက်အပေါ်မူတည်ပြီး သက်တမ်းအလိုက် အချိန်စေ့ ထုတ်ပေးနိုင်ရန် ဘဏ္ဍာရေးနှစ်အလိုက် တောင်းခံထုတ်ပေးနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ တပ်ဖွဲ့ဝင်များကို ရိက္ခာ ထောက်ပံ့ငွေအဖြစ် တပ်ဖွဲ့ဝင်တစ်ဦး ၁ ရက်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၂၀၁၁-၂၀၁၂ ခုဘဏ္ဍာရေးနှစ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စပြီး သာမန်အသုံးစရိတ်ရန်ပုံငွေ ၀၁၀၀- လစာစရိတ်ချီးမြှင့်ငွေ၊ ၀၁၀၂- ရိက္ခာထောက်ပံ့ငွေခေါင်းစဉ် မှ ခံစားခွင့်ပြုခဲ့ပါတယ်။ ယခုလက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှစပြီး တပ်ဖွဲ့ဝင်တစ်ဦး တစ်ရက်လျှင် ၈၀၀ ကျပ်နှုန်းသို့ တိုးမြှင့်ခံစားစေလျက်ရှိပါတယ်။ နောင် ဘဏ္ဍာရေးနှစ်များမှာ ဒေသန္တရဈေးနှုန်းများနဲ့ ကိုက်ညီမည့်နှုန်းထားများဖြင့် တိုးမြှင့်တောင်းခံနိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အရည်အသွေးအဆင့်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေး လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မှာ ပြည်တွင်းမှာသင်တန်းအမျိုးအစားပေါင်း ၂၄ မျိုး မှာ သင်တန်းတက်ရောက်ပြီး ၁၇၅၂ဦး၊ သင်တန်းတက်ရောက်ဆဲ ၂၇၈၇ ဦးရှိပါတယ်။ ဒါ့အပြင် ပြည်ပ နိုင်ငံများသို့ ရဲတပ်ဖွဲ့ဝင်များကိုရွေးချယ်စေလွှတ်ပြီး သင်တန်းများတက်ရောက်စေခဲ့ရာမှာ အမေရိကန် နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ မလေးရှားနိုင်ငံများမှာရှိတဲ့ သင်တန်းအမျိုးအစား

၅ မျိုးသို့ သင်တန်းသားပေါင်း၅၂ ဦး စေလွှတ်သင်ကြားစေခဲ့ပြီးဖြစ်ပါတယ်။ နောက်ထပ် ပြည်ပ သင်တန်း ၇ ခုကို သင်တန်းသား ၁၁ ဦးစေလွှတ်တက်ရောက်နိုင်ရေး စီစဉ်လျာထားလျက်ရှိပါတယ်။ ပြည်တွင်းမှာ ပြည်ပနိုင်ငံများနည်းပြများပို့ချတဲ့ သင်တန်း အမျိုးအစား ၂ ခုကို သင်တန်းသား ၇၀ ဦး တို့ကို တက်ရောက်လေ့ကျင့်စေခဲ့ပြီး ပြည်တွင်းမှာနိုင်ငံခြား သင်တန်းအမျိုးအစား ၃ ခုသို့ သင်တန်း သား ၃၅ ဦးတို့ကို တက်ရောက်လေ့ကျင့်စေရေး လျာထားစီစဉ်လျက်ရှိပါကြောင်းနှင့် နိုင်ငံခြား သင်တန်းအမျိုးအစား စုစုပေါင်း ၁၇ မျိုးသို့ သင်တန်းသားစုစုပေါင်း ၁၆၈ ဦးတို့ကို လေ့ကျင့် သင်ကြားစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အဆင့်လိုက်မွမ်းမံသင်တန်းများဖြစ်တဲ့ စီမံခန့်ခွဲမှုသင်တန်း၊ ကျွမ်းကျင်မှုသင်တန်းများတက်ရောက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ စီမံရေးနှင့် လေ့ကျင့်ရေးဌာနလက်အောက်မှာရှိတဲ့ ဥပဒေ၊ နည်းဥပဒေနှင့် လေ့ကျင့်ရေးဌာနခွဲမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ သင်တန်းအမျိုးအစားအလိုက် တက်ရောက်ရမည့် သင်တန်းအမျိုးအစား အပေါ်မူတည်ပြီး သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့ သင်တန်းသားအရေအတွက်နဲ့ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တပ်ဖွဲ့၊တပ်ရင်းများသို့ တောင်းခံစာရင်းပြုစုပြီး အဆင့်ဆင့် စိစစ်တင်ပြဆောင်ရွက်ပြီးတော့ ရွေးချယ်ပေးလျက်ရှိပါတယ်။ အတည်ပြုရွေးချယ်ထားရှိတဲ့ သင်တန်း သားများကိုသာ သက်ဆိုင်ရာသင်တန်းများသို့ တက်ရောက်စေလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များကို အရာရှိ/အခြားအဆင့်ဆိုင်ရာ အခြေခံသင်တန်းများဖြစ်တဲ့ ဒုရဲအုပ်လောင်းသင်တန်းနဲ့ ရဲတပ်သားသစ်သင်တန်းများသို့ ရွေးချယ်တက်ရောက်အောင်မြင်မှသာ စတင်ခန့်အပ် တာဝန်ပေး လျက်ရှိပါတယ်။ အခြေခံသင်တန်းများတက်ရောက်ခန့်အပ် တာဝန်ပေးပြီးနောက် ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ သက်ဆိုင်ရာအဆင့်အလိုက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်း၊ မွမ်းမံ သင်တန်းနှင့် အဆင့်မြင့်သင်တန်းများသို့ ရွေးချယ်တက်ရောက်စေလျက်ရှိပါတယ်။ ဒါ့အပြင် အဆင့် တိုးမြင့်ရေးအတွက် သတ်မှတ်ထားတဲ့သင်တန်းများသို့ တက်ရောက်စေလျက်ရှိပြီး သင်တန်းတက် ရောက်ပြီးမှသာ အဆင့်တိုးပေးအပ်လျက်ရှိပါတယ်။ အဲ့ဒီသင်တန်းတက်ရောက်စေတဲ့နေရာမှာ အဆိုပါ သင်တန်းတွေကို မတက်ရောက်သေးသူများကိုသာ စိစစ်ရွေးချယ်တက်ရောက်စေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များမှာ ပင်စင်ယူသည့် တိုင်သင်တန်းမတက်ရောက်သူများဟာ ရာထူး အဆင့်ကို မရယူလိုတဲ့အတွက် သင်တန်းမတက်ရောက်သူများသာဖြစ်ကြောင်းနှင့် သင်တန်းတစ်ခု တည်းကို ၂ ကြိမ်တိုင်စေလွှတ်မှုမျိုးမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့တပ်ဖွဲ့အနေနဲ့ အချုပ်သားများကို ရိုက်နှက်သူရဲတပ်ဖွဲ့ဝင်ကို ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ၊နည်းဥပဒေများဖြင့် အရေးယူထိန်းသိမ်းကြပ်မတ်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေမှာ ပြဋ္ဌာန်းထားရှိတာကတော့ ပုဒ်မ ၁၇ (ဂ)။ အကျဉ်းသား၊ အချုပ်သား ၁ ဦးက အခြားသူ ၁ ဦးအား ရိုက်ပုတ်ရန် သို့မဟုတ် အခြားနည်းအားဖြင့် ညှဉ်းပန်းနှိပ်စက်ရန် ခိုင်းစေလျှင် ခွင့်ပြုလျှင် ထိုသို့ပြုလုပ်နေသည်ကို သိလျက် ဟန့်တားရန် သို့မဟုတ် အရေးယူရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၁၇ (ဆ) အကျဉ်းသား၊ အချုပ်သား သို့မဟုတ် ဖမ်းဆီးထားသူ ၁ ဦးအား ရိုက်ပုတ်လျှင် သို့မဟုတ် အခြားနည်းဖြင့် ညှဉ်းပန်းနှိပ်စက်လျှင်သော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်သူအား ရဲတရားရုံးဖြင့် စစ်ဆေးပြီးပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်လို့ပြဋ္ဌာန်းထားရှိပြီး ဖောက်ဖျက်ကျူးလွန်သူတပ်ဖွဲ့ဝင်များကို အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရဲတပ်ဖွဲ့ဝင် ၁ ဦးအနေနဲ့လည်း ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအပြင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကိုပါ အရပ်သားများနည်းတူ လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းဖြစ်သည်နှင့်အညီ တပ်ဖွဲ့ဝင်၊ မိသားစုဝင်များကို အဝန်းအဝိုင်းတစ်ခုတည်းမှာသာ နေရာချထားသတ်မှတ်ပြီးတော့ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ အဆောက်အဦဆောက်လုပ်၍ နေရာချထားပေးလျက်ရှိပါတယ်။ ပြင်ပမှာနေထိုင်ခွင့် ခွင့်မပြု။ အိမ်ခန်းများမရရှိလို့ တပ်ပြင်မှာ မိမိအစီအစဉ်နဲ့ ငှားရမ်းနေထိုင်မှုများက တပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေစဉ် အိမ်ခန်းမရမီကာလအတွင်း နီးစပ်ရာနေရာများမှာ ခေတ္တငှားရမ်းနေထိုင်ခြင်းသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ဖွဲ့စည်းပုံခွင့်ပြုမှုအတိုင်း နေအိမ်အဆောက်အဦများကို ဘဏ္ဍာရေးနှစ်အလိုက် တိုးမြှင့်ဆောက်လုပ်ပြီး ဖွဲ့စည်းပုံနဲ့အညီ တပ်ဖွဲ့ဝင်နှင့်မိသားစုများအတွက် လုံလောက်တဲ့နေအိမ်အဆောက်အဦများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သော်လည်း မြို့ပြငွေစာရင်းဥပဒေစည်းမျဉ်းနဲ့ နိုင်ငံတော်မှ ချမှတ်ထားတဲ့တပ်ဖွဲ့ဖြစ်လို့ အိမ်ငှားခအနေနဲ့ အခြားဝန်ကြီးဌာနများနည်းတူ ၁၉၆၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘဏ္ဍာရေးဆိုင်ရာညွှန်ကြားချက် (၁/၆၅)မှာ ဖော်ပြထားတဲ့ နှုန်းထားအတိုင်း လစဉ်အိမ်ငှားစရိတ်များကို သတ်မှတ်ထားပါတယ်။ ရဲတပ်သားမှ ရဲတပ်သားကျော်အထိ ၁၀/-၊ ရဲဒုတပ်ကြပ်မှ ရဲတပ်ကြပ်အထိ ၁၂/၅ ဝါး-၊ ရဲတပ်ကြပ်ကြီး ၁၅/-၊ ဒုလုံခြုံရေးမှူးမှ စခန်းမှူးအထိ

၁၈/-၊ လုံခြုံရေးမှူး ၃၀/- ဆိုပြီးသတ်မှတ်ထားရှိပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တပ်ဖွဲ့ဝင်တွေကိုတစုတစည်းတည်း လုံလောက်စွာနေထိုင်နိုင်ရန် အဆောက်အဦများတိုးမြှင့် ဆောက်လုပ်ပေးလျက်ရှိတဲ့အတွက် အိမ်ငှားစရိတ်အနေနဲ့ ကျယ်ပြန့်စွာတောင်းခံ/ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဒေါ်လှဲ့လှဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထဲရေးဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို ကျေးဇူးတင်ပါတယ်။ အဲ့ဒီထဲမှာမှ မေးခွန်းနံပါတ်(၂)မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ယူနီဖောင်းများ ထုတ်ပေးတဲ့နေရာမှာ ၂၀၁၇ ခုနှစ် ဇူလိုင်မှာတစ်ကြိမ်၊ ၂၀၁၃ ဖေဖော်ဝါရီမှာ တစ်ကြိမ် လို့သိရှိရပါတယ်။ အခု ၂၀၁၃-၂၀၁၄ မှာလည်း ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည် ဆိုတာကို စီစဉ်ဆဲအနေနဲ့ တင်ပြသွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီပေါ်မှာ အကြံပြုချင်တာကတော့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေနဲ့ အောက်ခြေအဆင့်မှာရှိသော ရဲတပ်သားများအနေနဲ့ လွန်စွာမှလစာလည်းနည်းပါးပါတယ်။ ကျွန်မသိရှိရသလောက်ကတော့ ယူနီဖောင်းတွေကိုသူတို့ဟာ သူတို့ဝယ်ဝတ်နေကြရပါတယ်။ ခြေအိတ်ကအစလို့ သိရပါတယ်။ ဒါ့ကြောင့် ၂၀၁၃-၂၀၁၄ ရဲ့ဘဏ္ဍာနှစ်အတွင်းမှာပဲ ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိတယ်ဆိုတဲ့နေရာ မှာ အမြန်ဆုံးဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံလိုပါတယ်ရှင်။ နောက်တစ်ခုကတော့ ကျွန်မတို့ ဒီနံပါတ်(၄)မှာ သင်တန်းများကို စေလွှတ်တဲ့နေရာမှာ နိုင်ငံခြားမှာစေလွှတ်တယ်လို့လည်း သိရှိရပါတယ်။ ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တစ်ခုလောက်မေးမြန်းခွင့်ပြုပါရှင်။ အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံမှာ သင်တန်းအမျိုးပေါင်း ၅ ခုတက်တယ်လို့၊ စေလွှတ်ခဲ့တယ်လို့ ပြောပါတယ်။ အဲ့ဒီလိုစေလွှတ်တဲ့နေရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အမျိုးသမီးများပါရှိပါသလားလို့ မေးမြန်းခွင့်ပြုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ဘဏ္ဍာရေးနှစ်မှာ ရဲတပ်ဖွဲ့ဝင်များကို ရဲဝတ် ပစ္စည်းတွေဖြစ်တဲ့ ဦးထုပ်၊ ဝတ်စုံ၊ ခါးပတ်၊ ခါးပတ်ကြီး၊ ပုခုံးသိုင်းကြိုး၊ ပစ္စည်းထည့်အိတ်အပါ၊ စောင်ထူ၊ မျက်နှာသုတ်ပုဝါ၊ ခြေအိတ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ရေးအတွက် ဝယ်ယူရေးဘုတ်အဖွဲ့များ ဖွဲ့စည်းထားပြီးတော့မှ တစ်နိုင်ငံလုံး ရဲတပ်ဖွဲ့ဝင်အင်အား အားလုံးစုံလင်တဲ့အချိန်မှသာ ပြန်လည်ဖြန့်ခွဲထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဝယ်ယူရေးဘုတ်အဖွဲ့ ဖွဲ့စည်းဝယ်ယူလျက်ရှိပြီးတော့မှ ၂၀၁၃ ခုနှစ် စက်တင်ဘာလလောက်မှာမှ စတင်ပြီးတော့ ထုတ်ပေးနိုင်ရေးဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက် နိုင်ငံခြားသင်တန်း

ဖြစ်တဲ့ အမေရိကန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံများမှာရှိတဲ့ သင်တန်း အမျိုးအစား ၅ မျိုးကို သင်တန်းသား ၅၂ ဦး စေလွှတ်သင်ကြားမှုနှင့် ပတ်သက်ပြီးတော့ အမေရိကန် နိုင်ငံကိုစေလွှတ်တဲ့ သင်တန်းသားမှာတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အမျိုးသားများသာစေလွှတ်ခြင်း ဖြစ်ပြီးတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံများကိုစေလွှတ်တဲ့ သင်တန်း များမှာတော့ အမျိုးသမီးတပ်ဖွဲ့ဝင်များပါ ပါဝင်စေလွှတ်လျက် ရှိပါတယ်။ အရေအတွက်၊ အမျိုးအစား အတိအကျကိုတော့ ပြန်လည်ပြုစုပြီးမှ တင်ပြနိုင်မှာဖြစ်ကြောင်းတင်ပြပါတယ်။ (သြဘာသံများ)

## တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီက ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးဆောင်ရွက်ရေးကော်မတီက ၂၀၁၃ ခုနှစ် စာချွန်တော် အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ် ရေး ဆောင်ရွက်ရေးကော်မတီအား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းကြပါစေ။ ပြည်သူ့ လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက် ရေးကော်မတီဥက္ကဋ္ဌအနေနဲ့ စာချွန်တော်ဥပဒေကြမ်းကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းအဆင့်ဆင့် ဆောင်ရွက်ချက်ကို ဦးစွာတင်ပြလိုပါတယ်။ ယခုကျင်းပနေတဲ့ ပြည်သူ့ လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဇူလိုင်လ ၁၇ ရက်နေ့မှာ ကျွန်တော်တို့ကော်မတီမှ ဦးလွင်ဦးက နေပြီးတော့မှ ဒီဥပဒေကြမ်းကို ကနဦးတင်သွင်းခဲ့ပါတယ်။ အဲ့ဒီမှာ လွှတ်တော်ကနေပြီးမှ လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပေးခဲ့ပါတယ်။ အဲ့ဒီနောက်မှာ ကျွန်တော်တို့နိုင်ငံတွင်းမှနေပြီးတော့မှ ဥပဒေပညာ ရှင်များထံမှ ကောင်းမြတ်တဲ့အကြံဉာဏ်များ၊ အကြံပေးချက်များရယူခဲ့ပါတယ်။ အဲ့လိုရယူပြီးတဲ့နောက် မှာ သြဂုတ်လ ၂၀ ရက်နေ့ ဥပဒေကြမ်းကော်မတီရုံးမှာ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၊ နောက်ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေများလေ့လာ

သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးစတဲ့အပြင် ခုနက တရားဥပဒေစိုးမိုးရေးကော်မတီကနေပြီးတော့မှ တာဝန်ရှိသူများ စုံညီတွေ့ဆုံပြီးတော့မှ ဥပဒေကြမ်းပေါ်မှာ လိုအပ်တဲ့ဆွေးနွေးဝေဖန်သုံးသပ်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲ့လိုဆောင်ရွက်ပြီးနောက်မှာ အခုပြင်ဆင်ထားတဲ့ ဒီဥပဒေကြမ်းကို လွှတ်တော်သို့ ယခုကဲ့သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာချွန်တော်ဥပဒေသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကနေပြီးမှ ဆင်းသက်လာတဲ့ နောက်ဆက်တွဲဥပဒေမဟုတ်ပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကနေပြီးတော့မှ သီးခြားပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။ တနည်းအားဖြင့်တော့ ဒီဥပဒေဟာ နိုင်ငံသားများအတွက်ပေးထားတဲ့ မဟာအခွင့်အရေးလို့လည်း ပြောလို့ရပါတယ်။ နိုင်ငံသားများအတွက်ပေးထားတဲ့အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်ဒီလွှတ်တော်အတွင်းမှာ အကြိမ်ကြိမ်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ တစ်ဖက်ကလည်း စာချွန်တော်ဥပဒေသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ဂုဏ်သိက္ခာမြင့်မားနေအောင်ပေးထားတဲ့ အခွင့်အာဏာတစ်ရပ် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ သီးခြားဂုဏ်ထူးဝိသေသတွေနဲ့ပြည့်စုံတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါကို ကျွန်တော်အကျဉ်းရှင်းလင်းတင်ပြလိုပါတယ်။ အကယ်၍ နိုင်ငံသားတစ်ဦးတစ်ယောက် သို့မဟုတ်ရင် တစ်စုတစ်ဖွဲ့အနေနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အာဏာပိုင်အဖွဲ့အစည်းများက သံသယဖြင့်မှားယွင်းဖမ်းဆီးချုပ်နှောင်ခြင်းခံရပါက သို့မဟုတ်လို့ရှိရင် မတရားဖမ်းဆီးချုပ်နှောင်ခြင်းခံရပါက ချုပ်နှောင်ခံရတဲ့နိုင်ငံသားများအနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ရှေ့တော်သွင်းစာချွန်တော်တင်သွင်း ခွင့်ရှိပါတယ်။ အဲ့လိုတင်သွင်းလာတဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ မှားယွင်းဖမ်း ဆီးချုပ်နှောင်ခံရတဲ့ နိုင်ငံသားတွေကို ရုံးတော်ကို ဆင့်ခေါ်ပြီးမှ လိုအပ်တဲ့စစ်ဆေးမှုတွေ ပြုလုပ်မှာဖြစ်ပါ တယ်။ အဲ့လိုစစ်ဆေးပြီးတဲ့အခါမှာ သူတို့ရဲ့အတည်ပြုချက်က မှန်ကန်လို့ရှိရင် ဒီနိုင်ငံသားတွေကို လုံးဝလွှတ်ပေးပိုင်ခွင့် တရားလွှတ်တော်ချုပ်မှာ ရှိနေပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ တားမြစ်စေစာချွန်တော် ဖြစ်ပါတယ်။ ခုနက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း၊ အာဏာပိုင် အဖွဲ့အစည်းများရဲ့ မှားယွင်းမှု သို့မဟုတ်ရင် မတရားမှု၊ ဖိနှိပ်မှုများကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက် သို့မဟုတ်ရင် တစ်ဖွဲ့အနေနဲ့ ခုနကအခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးမှုကြုံတွေ့နေရလို့ရှိရင် ဒါကို ကျွန်တော်တို့ တရားလွှတ်တော်ချုပ်သို့ ခုနကတားမြစ်စေစာချွန်တော်အမိန့် တင်သွင်းပိုင်ခွင့် ရှိပါတယ်။ တရားလွှတ်တော်ချုပ်အနေနဲ့ အဆင့်ဆင့်စိစစ်ပြီးတဲ့အခါမှာ အာဏာပိုင် မေးစာချွန်တော်ဖြင့် အဲ့ဒီနိုင်ငံသားများကိုခေါ်ယူစစ်ဆေးပြီးတော့မှ သူတို့တင်ပြချက်မှန်ကန်လို့ရှိရင် ဖမ်းဆီးချုပ်နှောင်မှုကနေ ကင်းလွတ်ခွင့် သို့မဟုတ်ရင် တားမြစ်ကန့်သတ်မှုများကနေ ကင်းလွတ်ခွင့်

ပြုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ပြဿနာဖြစ်နေတဲ့ အမှုခေါ်စာချွန်တော်မိန့် ဖြစ်ပါတယ်။ ခုနက ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ လက်အောက်တရားလွှတ်တော်အဆင့်ဆင့် သို့မဟုတ်ရင် လက်အောက်တရားရုံးအဆင့်ဆင့်ကနေပြီးမှ မှားယွင်းတဲ့စီရင်ချက်များ ချမှတ်ခဲ့လို့ရှိရင် ခုနက နစ်နာသူနိုင်ငံသားများအနေနဲ့ အမှုခေါ်စာချွန်တော်ကို တင်သွင်းခွင့်ရှိပါတယ်။ အဲ့ဒီအခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ခုနက လိုအပ်သလိုစိစစ်ပြီးလို့ရှိရင် ဒါကို ပြင်ဆင်ပယ်ဖျက်ခွင့် ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စာချွန်တော်နဲ့ပတ်သက်ပြီးတော့မှ ဒီလိုအကြိမ်ကြိမ်ဆွေးနွေးနေရတဲ့အခါမှာ အဓိကပြင်ဆင်ချက်တစ်ခုကတော့ နစ်နာသူနိုင်ငံသားများအနေဖြင့် အဲ့လိုမှားယွင်းတဲ့တရားစီရင်မှုများအပေါ်မှာ သူတို့ရဲ့နစ်နာမှုများကို ပြင်ဆင်ပေးဖို့အတွက် ခုနက အမှုခေါ်စာချွန်လွှာတင်သွင်းတဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ လက်ရှိတရားသူကြီးတစ်ပါးတည်းနဲ့ ဒါကိုကြားနာပြီးမှ ဆုံးဖြတ်ပါတယ်။ ဒီကြားနာဆုံးဖြတ်မှုမှာ ဒီစာချွန်တော်ရဲ့ အဓိကအချက်ဖြစ်ပါတယ်။ ဒီမှာတရားသူကြီးအနေနဲ့ တကယ်လို့များပေါ့လေ နားလည်မှုလွဲမှားပြီးမှ ဒီစာချွန်တော်ကိုပယ်ချခဲ့လို့ရှိရင် အဲ့ဒီနိုင်ငံသားအနေနဲ့ ခုနက အခြေခံဥပဒေကပေးအပ်တဲ့အခွင့်အရေးများ လုံးဝဆုံးရှုံးသွားနိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ညှိနှိုင်းတဲ့အခါမှာ၊ ကြားနာတဲ့အခါမှာ တရားသူကြီးတစ်ဦးတည်းမဟုတ်ဘဲနဲ့ ၂ ပါး သို့မဟုတ် ၃ ပါးနဲ့ စိစစ်တာကို ကြားနာဖို့ ကျွန်တော်တို့ အကြိတ်အနယ်ဆွေးနွေးကြပါတယ်။ အဲ့လိုဆွေးနွေးတဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတရားသူကြီး ကိုယ်စားလှယ်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ လက်ရှိတရားသူကြီးချုပ်အပါအဝင် ၇ ဦးသာရှိကြောင်း သူပြောပါတယ်။ တကယ်လို့ဒါကို ဂျူတီစနစ်နဲ့ အဖွဲ့နဲ့ စိစစ်မယ်ဆိုလို့ရှိရင် တရားသူကြီးအရေအတွက်နည်းပါးမှုကြောင့် အခက်အခဲရှိတဲ့အကြောင်း သူဆွေးနွေးပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ ပြန်ကြည့်လို့ရှိရင် တရားသူကြီး စုစုပေါင်း တရားသူကြီးချုပ်အပါအဝင် ၁၁ ဦးထိဖွဲ့စည်းခန့်အပ်တာဝန်ပေးပိုင်ခွင့် ရှိပါတယ်။ လက်ရှိတရားသူကြီး အရေအတွက် ၇ ပါး နည်းလို့ရှိရင် ၉ ပါး၊ ၁၁ ပါးထိလည်း တိုးချဲ့ဖွဲ့စည်းနိုင်ပါတယ်။ သို့သော် လက်ရှိအရေအတွက်အရ ခုနကတင်သွင်းလာတဲ့ စာချွန်တော်များကို တရားသူကြီး ၁ ပါးတည်းကနေပြီးတော့ ကြားနာစိစစ်ပယ်ချနိုင်မှု မဖြစ်စေဘဲနဲ့ ၃ ပါးမတတ်နိုင်ဘဲနဲ့ လောလောဆယ် ၂ ပါးနဲ့ စိစစ်ကြားနာဖို့အတွက်ကို ကျွန်တော်တို့ ညှိနှိုင်းခဲ့ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခက်မ ၃ ဖြာရဲ့အချုပ်အခြာအာဏာ ၃ ရပ်ကို ပြန်ကြည့်လို့ရှိရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ခုနက တတိယတရားရေးမဏ္ဍိုင် ဖြစ်ပါတယ်။ ဒီမဏ္ဍိုင်က လွတ်လပ်ပြီးတော့ အမှီအခိုကင်းနေဖို့ လိုအပ်ပါတယ်။ တစ်နည်းအားဖြင့်တော့လွတ်လပ်ပြီး အမှီအခိုကင်းနေဖို့၊ တရားလွှတ်တော်ချုပ်ရဲ့ဂုဏ်သိက္ခာ

မြင့်မားလာစေဖို့အတွက်ကို ခုနက ဒါ အခြေခံဥပဒေကနေပြီး စာချွန်တော်အမိန့်ထုတ်ဆင့်ခွင့် အခွင့်အာဏာ ပေးအပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တရား လွှတ်တော်အနေနဲ့ ဒါသည် မဟာအခွင့်အာဏာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ တိတိကျကျကျင့်သုံးဆိုလို့ရှိရင် ခုနက မှားယွင်းတဲ့ ဖမ်းဆီးချုပ်နှောင်မှုတွေ၊ နိုင်ငံသားတွေပေါ်မှာ ဖိနှိပ်မှု ကန့်သတ်မှုတွေ၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းက ပေးသည်ဖြစ်စေ၊ တရားလွှတ်တော်အနေနဲ့ စိစစ်ပြီးမှ အမှန်ကို ဖော်ထုတ်ပြီးတော့ ပယ်ချပိုင်ခွင့် ရှိပါတယ်။ကျွန်တော်တို့ လတ်တလော ဥပမာတစ်ခု တင်ပြလိုပါတယ်။ ပါကစ္စတန် သမ္မတဟောင်း အပေါ်မှာ ၎င်းသမ္မတတာဝန်ထမ်းဆောင်စဉ်က ဖြစ်ခဲ့တဲ့ ကျူးလွန်ခဲ့တဲ့ အမှားတွေအတွက်ကို အဖွဲ့အစည်းအများကြီးကနေ ကန့်ကွက်နေတဲ့ကြားကနေပြီးတော့မှ ပါကစ္စတန် တရားရုံးချုပ်ကနေ ပြန်လည်စိစစ်ဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ ဒါ ဟာ တရားလွှတ်တော်ရဲ့ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာသည် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကမှ ထိန်းချုပ်လို့မရဘူးဆိုတာကို ညွှန်းဆိုနေတာ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ တတိယမဏ္ဍိုင်ဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အမှီအခိုကင်းနေမှ သီးခြားရပ်တည်နေမှ ဂုဏ်ထူးဝိသေသ ပြည့်စုံမှသာလျှင် တရားဥပဒေစိုးမိုးမှု ရပါမယ်။ နိုင်ငံသားများမှာလည်း အခြေခံနိုင်ငံသားရဲ့ လူ့အခွင့်အရေးတွေ အပြည့်အဝ ရရှိပါမယ်။ တရားဥပဒေစိုးမိုးမှုသာလျှင် ခုနက ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ အေးချမ်းသာယာတဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မှာ ဖြစ်လို့ အခုညှိနှိုင်းတင်သွင်းထားတဲ့ စာချွန်တော်ဥပဒေကြမ်းအပေါ်မှာ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီက ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ္တသုခ၊ ကာယသုခနှစ်ဖြာသော သုခနဲ့ ပြည့်စုံကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အကျိုး၊ ပြည်ထောင်စုရဲ့အကျိုး ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်း

မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ၂၀၁၃ ခုနှစ်စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ တင်သွင်းသော ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို ၁၇-၇-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။

၂။ နိုင်ငံသားများသည် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာမှုများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် စာချွန်တော်အမိန့်များကို ဥပဒေနှင့်အညီ လျှောက်ထားရယူပိုင်ခွင့်ရှိစေရန် ရည်ရွယ်၍ ဤဥပဒေကြမ်းအား တင်သွင်းခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအား လေ့လာစိစစ်နိုင်ရန် ၂၀.၈.၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြပါတယ်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ ဤဥပဒေကြမ်းတွင် အခန်းပေါင်း ၆ ခန်းနှင့် ပုဒ်မပေါင်း ၂၂ ခုပါရှိပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(၁) အခန်း (၁)၊ ပုဒ်မ ၂ ပုဒ်မခွဲ (ဇ)အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါတယ်။

(၂) ပုဒ်မ ၂ ပုဒ်မခွဲ (ဈ)အား စာချုန်တော် ရုံးဆိုသည်မှာ စာချုန်တော်အမိန့် ထုတ်ပိုင်ခွင့် အာဏာ အပ်နှင်းထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုဆိုသည်ဟု ပြင်ဆင် ပါသည်။

(၃) ပုဒ်မ ၂ ပုဒ်မခွဲ (ည) အား အဓိပ္ပာယ်ရှင်းလင်းစေရန်နှင့် အရေးအသားကျစ်လျစ်မှုရှိစေ ရန်အတွက် လျှောက်ထားလွှာဆိုသည်မှာ စာချုန်တော်အမိန့်ထုတ်ဆင့်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းသည့် အထွေထွေလျှောက်ထားလွှာ ကို ဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၄) ပုဒ်မ ၂ ပုဒ်မခွဲ(ဋ)အား အရေးအသားကျစ်လျစ်မှုရှိစေရန် လျှောက်ထားသူဆိုသည်မှာ စာချုန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာ တင်သွင်းလျှောက်ထားသူများ ကိုဆိုသည် ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၅) ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)အဖြစ် -

(ဂ) အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်သည့် ကိစ္စမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၇ ပါအခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်း မပြုရ-

(၁) စစ်မက်ဖြစ်ပွားချိန်၊

(၂) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊

(၃) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန် ဟု အသစ်ဖြည့်စွက် ပါသည်။

(၆) ပုဒ်မ ၄ ပုဒ်မခွဲ (က) (ခ) နှင့် ပုဒ်မ ၅ တို့အား ပယ်ဖျက်ပါသည်။

(၇) အခန်း(၃) အား အခန်း (၄)အဖြစ် ပြောင်းလဲပြီး လျှောက်ထားလွှာ ကြားနာရေး စိစစ်ရေးအဖွဲ့ဖွဲ့စည်းခြင်းခေါင်းစဉ်အား လျှောက်ထားလွှာစိစစ် ကြားနာရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များဟု ပြင်ဆင်သဖြင့် ဥပဒေကြမ်းပါ ကြားနာစိစစ် စကားရပ်များအား စိစစ်ကြားနာ ဟုပြင်ဆင်ပါသည်။

(၈) ပုဒ်မ ၆ ပုဒ်မခွဲ (က)အား အသစ်ဖြည့်စွက်ပြီး ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန် အတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် စာချုန်တော်အမိန့်များ ထုတ်ဆင့်နိုင်

ရေးအတွက် လျှောက်ထားလွှာစိစစ်ကြားနာရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ကနဦးစိစစ်ကြားနာရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှစ်ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) အပြီးသတ် စိစစ်ကြားနာရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရာသူကြီးသုံးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကနဦးစိစစ်ကြားနာရေးအဖွဲ့တွင် ဖြစ်စေ၊ အပြီးသတ်စိစစ်ကြားနာရေးအဖွဲ့တွင်ဖြစ်စေ ပါဝင်ခွင့်ရှိသည်။

(၉) ပုဒ်မ ၇ ၏ ခေါင်းစဉ်အား အခန်း(၄) ခေါင်းစဉ်တွင် ထည့်သွင်းပြီး ဖြစ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၁၀) အခန်း (၃) ပုဒ်မ ၇ အာ ကနဦးစိစစ်ကြားနာရေးအဖွဲ့သည် လျှောက်ထား လွှာကို လက်ခံရရှိပါက လျှောက်ထားလွှာပါ အကြောင်းအရာ၊ အချက်အလက်များနှင့် ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို စိစစ်၍လျှောက်ထားသူအားဆင့်ခေါ်၍ ကြားနာပြီးနောက် လျှောက်ထားလွှာအား လက်ခံခြင်းပြု/မပြု အမိန့်ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၁၁) ပုဒ်မ ၉ အဖြစ် ကနဦးစိစစ်ကြားနာရေး အဖွဲ့က လျှောက်ထားလွှာကို လက်ခံခြင်းပြုခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြီးသတ်ကြားနာရေးအဖွဲ့သို့ ထိုလျှောက်ထားလွှာကို လွှဲအပ်စိစစ်ကြားနာစေရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၂) ပုဒ်မ ၁၀ အဖြစ် အပြီးသတ် စိစစ်ကြားနာရေးအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ နှစ်ဦးနှစ်ဘက်ကို စိစစ်ကြားနာပြီး အမိန့်ချမှတ်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၃) ပုဒ်မ ၈ ပုဒ်မခွဲ (က)(ခ)(ဂ)(ဃ)(င) နှင့် ပုဒ်မ ၉ တို့အား ပယ်ဖျက်ပါသည်။

(၁၄) ပုဒ်မ ၁၁ အဖြစ် စာချွန်တော်အမိန့် လျှောက်ထားမှုများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၅) အခန်း (၄)အား အခန်း (၃)အဖြစ်ပြောင်းလဲပြီး လျှောက်ထားလွှာ တင်သွင်းခြင်း ခေါင်းစဉ်အား လျှောက်ထားလွှာ တင်သွင်းခြင်းနှင့် စိစစ်ခြင်းဟု ပြင်ဆင်ပါသည်။

(၁၆) ပုဒ်မ ၆ အဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသည် -

(က) လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်း ရှိ/မရှိ စိစစ်ရမည်။

(ခ) ပြည့်စုံမှုမရှိလျှင် ပြည့်စုံစွာဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားလွှာအား ပြန်လည်ပေးရမည်။

(ဂ) ပြည့်စုံမှုရှိလျှင် အထွေထွေလျှောက်ထားမှု ဖွင့်လှစ်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၇) ပုဒ်မ ၁၀ အား အရေးအသား ကျစ်လျစ်စေရန်အတွက် လျှောက်ထားသူသည် မိမိ၏ ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသော သက်သာခွင့်ဖြစ်စေ၊ မိမိ၏ နစ်နာဆုံးရှုံးမှုဖြစ်စေ အကြောင်းချင်းရာများကို ပြည့်စုံစွာရေးသားဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သည့် နည်းလမ်းနှင့်အညီ လျှောက်ထားလွှာကို တင်သွင်းရမည်ဟု ပြင်ဆင်ပါသည်။

(၁၈) အခန်း (၆) ခေါင်းစဉ်နှင့် ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၉ တို့အား ပယ်ဖျက်ပါသည်။

(၁၉) ပုဒ်မ ၁၈ အား အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်တို့နှင့် စပ်လျဉ်း၍ လျှောက်ထားလွှာတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ နှစ်နှစ်အတွင်း လျှောက်ထားလွှာ တင်သွင်းခြင်းမပြုလျှင် စာချွန်တော် အမိန့်ထုတ်ပြန်ခြင်း မပြုရဟု ပြင်ဆင်ပါသည်။

(၂၀) ပုဒ်မ ၂၂ အား ပြဋ္ဌာန်းပြီးသော ဥပဒေများနှင့်အညီ ဖြစ်စေရန် -

ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ဤဥပဒေအတည်ဖြစ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။

( ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လက်စွဲများကို ထုတ်ပြန်ရမည်ဟု ပြင်ဆင်ပါသည်။

၅။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ တင်သွင်းသည့် ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ နည်းဥပဒေ ၁၈၆ အရ ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့် ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နဲ့ ၁၈၇ တို့နဲ့အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၀-၈-၂၀၁၃ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။

**အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၈-၇-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ပါ တယ်။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ၁၂-၈-၂၀၁၃ ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်လိုတဲ့ ကိုယ်စားလှယ်စာရင်းတောင်းခံရာ တစ်ဦးသာရရှိခဲ့ပါတယ်။ ဒါ့ကြောင့် ငါန်းဇွန် မဲဆန္ဒနယ်မှ ဒေါက်တာမြဦးက ပြင်ဆင်ချက် ၃ ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးမှာဖြစ် ပါတယ်။ ယခု စတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၇ အပိုဒ်ခွဲ (င) စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို

တင်သွင်းဖို့ ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦးကို ဖိတ်ခေါ်ပါတယ်။ ကန့်လတ်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် (၁) ဖြစ်ပါတယ်။ ဒေါက်တာမြဦးအစား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် (၁) အပိုဒ် ၇ ရဲ့မူလပြဋ္ဌာန်းချက် ပုဒ်ခွဲ (င) ဟာ ဒေါက်တာမြဦးရဲ့ကိုယ်စား အဆိုပြုတင်သွင်းသွားမှာပါတယ်ခင်ဗျား။ ပြင်ဆင်ချက်အဆိုကတော့ အပိုဒ် ၅ ပုဒ်မခွဲ (ဃ) ပါ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအပြင် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းနိုင်ရေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရေး။ ထိုသို့ အပ်နှင်းထားသည့် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တစ်ခုခုအား သတ်မှတ်ချက်များနှင့် မညီညွတ်ကြောင်း၊ လုံလောက်သောအကြောင်း ပေါ်ပေါက်ပါက ပြန်လည်ရုပ်သိမ်းနိုင်ရေးတို့အတွက် တက္ကသိုလ်သို့လမ်းညွှန်ခြင်းဟု ပြင်ဆင်ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကြမ်း အပိုဒ် ၇ (င) နဲ့ပတ်သက်ပြီး ဒေါက်တာမြဦး၊ ငါန်းဇွန်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဒေါက်တာမြဦး၊ ငါန်းဇွန်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာမြဦးရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁ အမှတ်စဉ် (၂) ဒေါက်တာမြဦးကိုယ်စား ဥပဒေကြမ်းကော်မတီမှ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ကန့်လတ်ဖြတ်ဇယား အမှတ်စဉ် (၂) ပုဒ်မ ၁၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အား ပြင်ဆင်ချက်အဆိုတင်သွင်း သွားမှာဖြစ်ပါတယ်။ တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်များနှင့် အခြားစေတနာရှင်များက ၎င်းတို့၏ သဘောဆန္ဒအလျောက်ထည့်ဝင်ငွေများဟု ပြင်ဆင်ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ အပိုဒ် ၁၆ ပုဒ်မခွဲ ၁၆ ပုဒ်မခွဲ (က)(၁)နဲ့ပတ်သက်ပြီး ဒေါက်တာမြဦး၊ ငါန်းဇွန်မဲဆန္ဒနယ် ပြင်ဆင်ချက်နဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြဦးရဲ့ ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာမြဦး ငါန်းဇွန်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် (၃) ဒေါက်တာမြဦးကိုယ်စား ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် (၃) အပိုဒ် ၂၀ မူလအဆိုပြုချက်အစား ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ထောင်ထားသောရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကိုလည်းကောင်း၊ တက္ကသိုလ်နှင့် ပုဒ်မ ၄ အရတည်ထောင်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းတစ်ခုခုအား ဆက်ခံခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၀ နှင့်ပတ်သက်ပြီး ဒေါက်တာမြဦး၊ ငါန်းဇွန်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြဦး၊ ငါန်းဇွန်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆိုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာမြဦးရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါ

တယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူ ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၂၈ ရက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို နေ့လယ် ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]